# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ် (၁၀၂)


## တိုင်းရင်းသားညီနောင် အားလုံးတို့အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိစေရန်နှင့် နိုင်ငံအဝန်း ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

**ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား–**

ယနေ့ ဇန်နဝါရီလ (၁၀) ရက်နေ့သည် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ဖြစ်ပါသည်။

ယခုကဲ့သို့ နေ့ထူးနေ့မြတ်အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ ကချင်တိုင်းရင်းသားမျိုးနွယ်စုများနှင့်တကွ ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူများအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစု အားလုံးတို့သည် ရှေးနှစ်ပေါင်း များစွာကတည်းကပင် တစ်မြေတည်းနေတစ်ရေတည်းသောက် မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ စည်းလုံးညီညွတ်စွာဖြင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်နေထိုင်ခဲ့ကြပါသည်။

နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သည့် ကာလတစ်လျှောက်လုံး အေးချမ်းသာယာပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ဝပြောစည်ပင်စွာဖြင့် အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခဲ့ကြပါသည်။ စည်းလုံးညီညွတ်မှုပြိုကွဲ၍ အဘက်ဘက်မှ အင်အားနည်းပါးချိန်တွင် မိမိထက်အဆမတန် အင်အားကြီးမားသော ဗြိတိသျှကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိ ရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေး လုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားတွင် ရိုးရာအစဉ်အလာနှင့်အညီ မနောအက စုပေါင်းဆင်နွှဲ၍ဖွင့်လှစ်ပေး**
ပြည်တွင်းသတင်း | စာ - ၄

**လွှတ်တော်၊ သမ္မတအိမ်တော်နှင့်တရားရုံးချုပ်တို့သို့ ကျူးကျော်စီးနင်းမှုအား ဘရာဇီးသမ္မတ ပြစ်တင်ရှုတ်ချ**
နိုင်ငံတကာသတင်း | စာ - ၁၃

**ရေဝပ်ဒေသဂေဟစနစ် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် လူသားတို့ကို အကျိုးပြုရုံမက သဘာဝဘေးမှလည်း ကာကွယ်နိုင်**
ဇီဝစုံလင် | စာ - ၁၇

**မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး**
ဆောင်းပါး | စာ - ၂၀


## မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် တစ်ပတ်အတွင်း ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၁၇ သန်းကျော် ဆောင်ရွက်နိုင်



**နေပြည်တော် ဇန်နဝါရီ ၉**

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ဇန်နဝါရီ ၈ ရက်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၀၉၀ သန်းနှင့် သွင်းကုန်တန်ဖိုးကန်ဒေါ်လာ ၁ ဒသမ ၅၃၃ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၆၂၃ သန်း ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်သွယ်ရေးဇုန်မှ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ဖရဲသီး၊ ကဏန်း၊ နှမ်းနက်၊ ဆန်ကွဲ (B 1-2)၊ ဆန်ကွဲ (A 1-2)၊ လျှော်ဖြူငါးရှဉ့်၊ ပဲတီစိမ်း၊ ကြံနှင့် ကြက်သွန်နီတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ရွှေရောင်/ ငွေရောင် ဒန်သတ္တုပြားများ၊ လိမ္မော်သီး၊ ကားဘရိတ်၊ ရေဘားအကြီး၊ သံချေးမတက်သည့် စတီးပိုက်၊ သံပိုက်၊ ကြွေပန်းကန်လုံး/ ကြွေပန်းကန်ပြား၊ ဆေးသကြား၊ ဒန်ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ထုပ်ပိုးအိတ်နှင့် ပန်းသီးတို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၈ ရက်အထိ တစ်ပတ်အတွင်း ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၈ ဒသမ ၀၇၃ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၉ ဒသမ ၈၇၄ သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၁၇ ဒသမ ၉၄၇ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၃၀၁ ဒသမ ၃၁၈ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲသော စည်းလုံးညီညွတ်မှု

"နိုင်ငံနှင့်လူမျိုးနှင့် ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် မည်သည့်အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုအင်အားဖြင့် အခိုင်အမာ ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု အပြည့်အဝ ယုံကြည်ပါသည်။"

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်၍ နိုင်ငံလွတ်လပ်ရေးကို ရယူခဲ့ရသည်။ လွတ်လပ်ရေးရပြီးကာလတွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လွတ်လပ်ရေးအဓွန့်ရှည်တည်တံ့ရေးတို့အတွက် အမျိုးသားစည်းလုံးညီညွတ်မှုသည် မရှိမဖြစ်အင်အားဖြစ်နေပြန်သည်။ သို့ဖြစ်သည့်အလျောက် ခေတ်အဆက်ဆက်တွင် နိုင်ငံ့တာဝန်ကို ထမ်းရွက်ခဲ့ကြသည့် ခေါင်းဆောင်တိုင်းက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုတို့အတွက် အဆက်မပြတ် တိုက်တွန်းနှိုးဆော်ကြသည်ကို တွေ့ရှိနိုင်သည်။

ပထဝီနိုင်ငံရေးရှုထောင့်မှကြည့်ပါက မြန်မာနိုင်ငံသည် လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိသော တရုတ်နိုင်ငံ၊ လူဦးရေ ၁ ဒသမ ၃၇ ဘီလီယံကျော်ရှိသော အိန္ဒိယနိုင်ငံ၊ လူဦးရေ ၁၆၅ သန်းကျော်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ အပါအဝင် နိုင်ငံငါးနိုင်ငံနှင့်ထိစပ်နေပြီး အင်ဒို-ပစိဖိတ်ဒေသတွင် အချက်အချာကျသည့် မြေထုနှင့် ရေထုနယ်နိမိတ်တို့ကိုလည်း ပိုင်ဆိုင်ထားရာ မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရဖြစ်စေ၊ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအရဖြစ်စေ သာမန်ထက်ပိုသော၊ ဖြိုခွဲ၍မရသော၊ ခိုင်မြဲသော အမျိုးသားစည်းလုံးညီညွတ်မှုမှာ မရှိမဖြစ်လိုအပ်သည်။ ယင်းသို့သော စည်းလုံးညီညွတ်မှုကို ရယူပြီး နိုင်ငံ၏ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားတို့ကို တိုးတက်မြင့်မားအောင် တည်ဆောက်နိုင်ပြီဆိုလျှင် မိမိတို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်သည့်နိုင်ငံ၊ ဩဇာတိက္ကမ ရှိသော နိုင်ငံအဖြစ်သို့ ရောက်ရှိပြီဟု ဆိုရမည်ဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေးတွင် နိုင်ငံတစ်နိုင်ငံ၏ အင်အား သို့မဟုတ် ဩဇာသည်ယင်းနိုင်ငံ၏ ပထဝီဝင်အနေအထား၊ ပိုင်နက်နယ်မြေအရွယ်အစား၊ တည်နေရာ၊ မြေမျက်နှာသွင်ပြင်၊ သယံဇာတနှင့် ကုန်ကြမ်းထွက်ရှိမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စစ်ရေးအသင့်ရှိမှု၊ အမျိုးသားစရိုက်လက္ခဏာနှင့် အမျိုးသားရေးစိတ်ဓာတ်၊ နိုင်ငံရေးတည်ဆောက်မှုနှင့် ခေါင်းဆောင်မှု၊ ဝါဒရေးရာကိုင်စွဲမှု၊ လူဦးရေ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ နည်းပညာဖွံ့ဖြိုးမှုဟူသော အချက်များဖြင့် တိုင်းတာတွက်ချက်ကြခြင်းဖြစ်ရာ မြန်မာနိုင်ငံသည် အထက်တွင်ဖော်ပြခဲ့သော အချက်အလက်များမှ အရေးပါသော အချက်အလက်များကို ပိုင်ဆိုင်ထားပြီး အချို့သော အချက်အလက်များကို ဆက်လက်တည်ဆောက်ခြင်းအားဖြင့် အင်အားတောင့်တင်းခိုင်မာသော၊ ဩဇာရှိသော နိုင်ငံတစ်နိုင်ငံအဖြစ်ဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများ စုစည်းနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ ခိုင်မြဲသည့် စည်းလုံးညီညွတ်မှုတို့ဖြင့် သာယာဝပြောသည့် နိုင်ငံ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကို ဝိုင်းဝန်းတည်ဆောက်ကြရပါမည့် အကြောင်း။ ။

# ရာဇဝတ်အထူးအယူခံမှု ( ၃ )မှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၉ ) မှုရုံးထိုင်ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၈၃/ ၂၀၂၂ ( မွန် )၊ ၉/၂၀၂၂ ( ပဲခူး)၊ ၁၀/၂၀၂၂ (ပဲခူး)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု ( ၃ ) မှု တို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ်၊ ၄၈/၂၀၂၀ (စစ်ကိုင်း)၊ ၄၉/၂၀၂၀(စစ်ကိုင်း)၊ ၉/၂၀၂၂(မန္တလေး)၊ ၁၀/၂၀၂၂ (မန္တလေး)၊ ၁၁/၂၀၂၂ (မန္တလေး)၊ ၁၂/၂၀၂၂ (မန္တလေး)၊ ၁၃/၂၀၂၂(မန္တလေး)၊ ၁၄/၂၀၂၂(မန္တလေး)၊ ၁၅/၂၀၂၂(မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု (၉ ) မှု တို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တနိုင်းမြို့နယ်၌ မြေပြင်ကွင်းဆင်း ကောက်ယူရေးအဖွဲ့များက အိမ်ထောင်စုလူဦးရေစာရင်း ကောက်ယူ

**တနိုင်း ဇန်နဝါရီ ၉**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ မြေပြင်တစ်အိမ်တက်ဆင်းကွင်းဆင်းကောက်ယူရေးအဖွဲ့ (Working Group)များက အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းကို ယနေ့နံနက် ၉ နာရီက စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စာရင်းကောက်ယူ**

တနိုင်းခရိုင် မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းနှင့် မြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးနှင့် အဖွဲ့ဝင်များပူးပေါင်း၍ တနိုင်းမြို့ပေါ်(၇)ရပ်ကွက်၊ ရှင်ဗွေယန်မြို့ပေါ်(၄)ရပ်ကွက်၊ ခလုံးကျေးရွာအုပ်စု၊ နောင်းလုံကောင်ရာကျေးရွာအုပ်စုနှင့် မိုင်းခွန်ကျေးရွာအုပ်စုအတွင်း စာရင်းကောက်ယူလျက်ရှိသည်။

**ပူးပေါင်းကူညီဆောင်ရွက်ပေး**

တနိုင်းခရိုင်တွင် အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူရေးအဖွဲ့များက ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါစာရင်းကောက်ယူနေမှုကို တပ်ရင်း/တပ်ဖွဲ့များ၊ ခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မနောမြေ(တနိုင်း)



# သာစွဥ္စာနေ ကချင်မြေ

* မြောက်ဖျားထိပ်စွန်း၊ ဝေးမြင့်လွန်းဝယ်
ထွန်းပတည်နေ၊ ကချင်မြေသည်
ရေကြည်သန့်ဘိ၊ ရွှေအတိနှင့်
မိတူမောင်ရင်း၊ မေတ္တာနှင်းဖြင့်
မလင်းရှင်းဝသီ၊ နှုတ်၌တည်၏။

* ကချင်ခေါင်းဆောင်၊ ဒူးဝါးနောင်သည်
"နိုင်ငံကိုချစ်ကာကွယ်ရစ်"ဟု
စစ်မှန်စကား၊ နှုတ်မြွက်ကြား၍
သားသွေးအစုံ၊ မှာခဲ့ပုံကို
ယုံကြည်အမြဲ၊ နှလုံးစွဲလော့။

* ရောစဦး၊ မြေအထူးဝယ်
မြူးတီရစ္ဆာန်၊ ကျေးငှက်သံလည်း
ထံတျာချိုတေး၊ သာယာမွှေး၏။

* ဂရိတ်မဂျစ်၊ ခမ်းတောက်မြစ်နှင့်
သစ်ဝါးစွယ်စုံ၊ ကချင်ဘုံသည်
ယုံရန်အံ့စု၊ ပေါကြွယ်မှုကြောင့်
နုရင့်ကုန်ကွယ်၊ တောတောင်နယ်သည်
ထည်ဝါပြန့်မော်၊ ကမ္ဘာကျော်၏။

* ခေတ်အဆက်ဆက်၊ တိုင်းပြည်တွက်ဟု
သက်ကိုစွန့်လှူ၊ မြင့်မြတ်သူလည်း
ယူရေတွက်အုံး၊ ဘယ်မဆုံးတည့်။

* ပြည်နယ်သက်တမ်း၊ စိန်ရတုခမ်း
ထမ်းရွက်လီဆူ၊ ရဝမ်ထူးနှင့်
မြူးကြွမြိုင်ဆိုင်၊ မနောတိုင်ဝယ်
ပြိုင်ကာလက်တွဲ၊ ကခုန်နွဲ့ကာ
စွဲမက်ဆိုပေး ပြည်ထောင်စုရဲ့အလှတေး။ ။

ညိုဝင်း(ချစ်မြေ)

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ကြဲချဖောက်ခွဲ"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အမည်ခံ အကြမ်းဖက်သမားများက ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ Drop Bomb များ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်သုံးဦး အပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

ထိုသို့ နယ်ချဲ့လက်အောက်ကျရောက်ခဲ့သော်လည်း တိုင်းရင်းသားများအပါအဝင် မြန်မာနိုင်ငံ၏ ဒေသအသီးသီးမှ သူ့ကျွန်မခံလိုသူများက မျိုးချစ်စိတ်ဓာတ်ထက်သန်စွာ မိမိတို့အသက်ကို ပဓာနမထားဘဲ နယ်ချဲ့တို့ကို တော်လှန်၍ အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ မကြာမီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကြီးသည် မိမိတို့ တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုရလဒ်ဖြစ်ပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားပြည်သူအားလုံးက ဆက်လက်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ ပထမဆုံးညီလာခံ၏ ပထမဆုံးအစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ (၁၀) ရက်နေ့ကို **"ကချင်ပြည်နယ်နေ့"** အဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၅) နှစ်ပြည့်မြောက် စိန်ရတုကာလတိုင် ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ ကချင်ပြည်နယ်တွင် ကချင်၊ ထရုမ်း၊ ဒလောင်၊ ဂျိမ်းဖော၊ ဂေါ်ရီ၊ ခါ့ခူး၊ ဒူးလန်း၊ လော်ဝေါ်၊ ရဝမ်၊ လာချိဒ်၊ ဇိုင်ဝါး၊ လီဆူစသည့် ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခန္တီးစသည့် ရှမ်းမျိုးနွယ်စုများနှင့် ဗမာ တိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသား မျိုးနွယ်စုများအပါအဝင် လူဦးရေစုစုပေါင်း (၁၇) သိန်းကျော် အတူတကွ ချစ်ကြည်ရင်းနှီးစွာဖြင့် စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်နယ်တစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီးအဖြစ် မေခနှင့် မေလိခမြစ်နှစ်ခုပေါင်းဆုံ၍ စတင်မြစ်ဖျားခံရာဒေသတစ်ခုလည်းဖြစ်သည့်အပြင် အဖိုးတန်သယံဇာတများဖြစ်သည့် ရွှေ၊ ကျောက်စိမ်း၊ ပယင်းစသည့် တန်ဖိုးရှိရတနာများပေါများ ကြွယ်ဝကာ သာယာလှပသည့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်ကောင်းများရှိသော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများ ဖုံးအုပ်လျက်ရှိသည့် ရေခဲတောင်များ၏ လှပမှုနှင့် မြစ်ဆုံ၏ သာယာမှုတို့သည် ပြည်နယ်၏ ထင်ရှားသော အလှအပ သဘာဝများ ဖြစ်ပါသည်။

ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှများ၊ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများမှာ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာသာမက နိုင်ငံတကာကပါ စိတ်ဝင်စားကြသော တိုင်းရင်းသားအမွေအနှစ်များဖြစ်ပါသည်။ တိုင်းရင်းသားဝတ်စုံများနှင့် စုပေါင်းညီညာစွာကပြသည့် မနောအကသည် ကချင်တိုင်းရင်းသားတို့၏ စွဲမက်နှစ်သက်ဖွယ်ရာ ယဉ်ကျေးမှုတစ်ခု ဖြစ်ပါသည်။

မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးရာ စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကြသူများဖြစ်ပါသည်။ အမျိုးသားရေးရာလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းကျိုးများစွာရရှိမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လျက်ရှိရာ အမျိုးသားရေး စိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်ကြောင်း အသိပေးလိုပါသည်။

သာယာလှပပြီး သယံဇာတပေါကြွယ်ဝသည့် ကချင်ပြည်နယ်သည် ယနေ့ထက်တိုင် ကာလကြာရှည်စွာ လက်နက်ကိုင်ပဋိပက္ခများကြောင့် သဘာဝအလှအပများကိုလည်း မခံစားနိုင်၊ သယံဇာတများကိုလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးမပြုနိုင်ဘဲဖြစ်နေရပါသည်။ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ အောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ခိုင်မာအားကောင်းလာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့ပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီနောင် အားလုံးတို့အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိစေရန်နှင့် နိုင်ငံအဝန်းဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။

**❍ ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှများ၊ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများမှာ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာသာမက နိုင်ငံတကာကပါ စိတ်ဝင်စားကြသော တိုင်းရင်းသားအမွေအနှစ်များဖြစ်**

**❍ တိုင်းရင်းသားဝတ်စုံများနှင့် စုပေါင်းညီညာစွာ ကပြသည့် မနောအကသည် ကချင်တိုင်းရင်းသားတို့၏ စွဲမက်နှစ်သက်ဖွယ်ရာ ယဉ်ကျေးမှုတစ်ခုဖြစ်**

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်သူများအနေဖြင့် သဘောထား မှန်ကန်ကြပြီး နိုင်ငံတော်အကျိုးအတွက်ဆိုသည့် တူညီသောစိတ်ဆန္ဒများ ရှိရန်လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို မထိခိုက်စေရန် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိပါက ဆက်လက်လုပ်ဆောင်ရမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတို့မှာ အလှမ်းဝေးနေဆဲသာဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်တိုက်ခိုက်မှုများကို လျှော့ချပြီး ရပ်တန့်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသောဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်"** ဆိုသည့် ဦးတည်ချက်နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ တပ်မတော်အနေဖြင့်လည်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ၄ နှစ်ကျော်ကာလတိုင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း (၂၁) ကြိမ် ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အန္တရာယ်များအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်စဲပေးခဲ့ပါသည်။ ယခုဆက်လက်၍လည်း လက်တွေ့ကျသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တစ်နှစ်တာကာလ ထပ်မံတိုးမြှင့်ရပ်စဲပေးထားပါသည်။

နိုင်ငံ၏ကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲတိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသော ပေါင်းစုအင်အားဖြင့် တက်ညီလက်ညီဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ကချင်ပြည်နယ်အတွင်း သက်ဆိုင်သူများအားလုံးနှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးကို တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အပေါင်းတို့ ခင်ဗျား**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်ကြသော ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ကချင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးစသည့် စီမံချက်များ ချမှတ်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မည့်ကဏ္ဍအားလုံးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ၎င်းတို့အား ကိုယ်စားပြုသူများကို ကိုယ်တိုင်ရွေးချယ်ပေးပြီး အုပ်ချုပ်စေသည့်စနစ်ပင် ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်ဆိုသည်မှာလည်း မတူကွဲပြားနေသည့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ဟုဆိုရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများက ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်တွင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရရှိစေမည် ဖြစ်ပါသည်။ သို့မှသာ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်လာမည် ဖြစ်ပြီး မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီဖြစ်စေရေး ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို လှမ်းချီတည်ဆောက်နေရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ စဉ်းစားတွေးခေါ် မြော်မြင်နိုင်မှု၊ အသိဉာဏ်ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့သည် လွန်စွာ အရေးကြီးပါသည်။ တစ်နိုင်ငံလုံးအတွက်၊ ပြည်သူတစ်ရပ်လုံးအတွက် စဉ်းစားလုပ်ဆောင်ကြရန် လိုအပ်ပါသည်။ မိမိတို့၏ ရပ်တည်ဆောင်ရွက်နေမှုများအပေါ် ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်ပြီး အကောင်းအဆိုး၊ အမှားအမှန်ကို ခွဲခြားဆင်ခြင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထိုနည်းတူ မိမိတို့ပြည်နယ်၏ အနာဂတ်ကို ဆက်လက်ဖော်ဆောင်ကြမည့် လူငယ်များကိုလည်း အသိပညာဗဟုသုတပြည့်ဝရေး၊ မျိုးချစ် စိတ်ဓာတ်ရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံကြွယ်ဝရေး ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံနှင့် လူမျိုးနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် မည်သည့်အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုအင်အားဖြင့် အခိုင်အမာရင်ဆိုင်ကျော်လွှားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါသည်။ ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်ရာ ယခုကဲ့သို့ထူးမြတ်သော (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်စုံပိုင်ဆိုင်နိုင်ကြပါစေကြောင်း မေတ္တာပို့သပါသည်။

သို့ဖြစ်၍ ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူများအားလုံး ယနေ့ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့မှအစပြု၍ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် စွမ်းဆောင်နိုင်သူများဖြစ်ကြပြီး နိုင်ငံအကျိုး၊ ပြည်နယ်အကျိုး၊ နိုင်ငံသားများ၏အကျိုးများ သယ်ပိုးနိုင်သူများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားတွင် ရိုးရာအစဉ်အလာနှင့်အညီ မနောအက စုပေါင်းဆင်နွှဲ၍ ဖွင့်လှစ်ပေး

**မြစ်ကြီးနား ဇန်နဝါရီ ၉**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကချင်ပြည်နယ်အစိုးရ အဖွဲ့ရုံးဝင်းရှေ့ မျက်ခင်းပြင်၌ ဌာနေတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ခြင်းကို ဖော်ထုတ်ပြသသည့် မနောအကဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသည်။



(၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားတွင် ရိုးရာအစဉ်အလာနှင့်အညီ မနောအကကို တပျော်တပါး စုပေါင်းဆင်နွှဲစဉ်။

## ရိုးရာဧည့်ကြိုအကဖြင့် ကြိုဆို

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးဇော်အေးမောင်တို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာ ဧည့်ကြိုအကဖြင့် ကြိုဆိုကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားနှင့် မနောပွဲအား ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပနိုင်ရေး ဖာသာဒေါက်တာ ဂေါ်လူယုံဝါက ဆုတောင်းဆက်ကပ်အပ်နှံပေးပြီး အခမ်းအနားနှင့် မနောပွဲကို ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ဒေသခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## စုပေါင်းဆင်နွှဲ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု (၆) မျိုး၊ ရှမ်းမျိုးနွယ်စု (၅) မျိုးနှင့် ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား/ သင်တန်းသူများ၊ နယ်စပ်ဒေသ

*စာမျက်နှာ ၅ သို့*



(၇၅) နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ အခမ်းအနားနှင့် မနောပွဲကို ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ဂျပ်ခုတ်၊ ရက်ကန်း၊ ပိုးချည်မျှင် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

# စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု ဂုဏ်ပြုယာဉ် ဒုတိယဆုရရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများနှင့် ကဏ္ဍအလိုက်ပါဝင်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများ ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ





နေပြည်တော် ဇန်နဝါရီ ၉

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု ဂုဏ်ပြုယာဉ် ဒုတိယဆုရရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများနှင့် ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅) တွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် ပါဝင်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများ တက်ရောက်ကြသည်။

## နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်သည် စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်သည့် အားလျော်စွာ နိုင်ငံတော်က အမျိုးသားရေး ဦးတည်ချက်များချမှတ်ပြီး အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ကဏ္ဍအလိုက်တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများကို "ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း" ဟူသော မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ သမိုင်းတွင်ရစ်မည့်အခမ်းအနားကြီး အောင်မြင်မှုရရှိစေရန် ဝန်ထမ်းများအနေဖြင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တတ်သည့် ဝန်ထမ်းကောင်းစိတ်ဓာတ်၊ အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်တို့ဖြင့် ကြိုးပမ်းခဲ့ကြပြီး အလေ့အကျင့်ကောင်းနှင့် အတွေ့အကြုံကောင်းများ ရရှိခဲ့သည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့အခမ်းအနားကြီးတွင် ပါဝင်ဆောင်ရွက်ခဲ့ရသည့်အတွက် ဝန်ထမ်းဘဝတစ်လျှောက်၌ ဂုဏ်ယူအမှတ်ရစရာအဖြစ်လည်း ကျန်ရစ်နေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် **"ရှေ့သို့လှမ်းချီပန်းတိုင်ဆီ"** (Keep Moving Forward to Achieve Our Goal) ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တည်ဆောက်လျက်ရှိရာ ယခုကဲ့သို့အစဉ်အလာကောင်းကို ထိန်းသိမ်းကာ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းရွက်ကြပါဟု အလေးအနက် မှာကြားသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဒုတိယဆုရရှိခဲ့သော ဂုဏ်ပြုယာဉ်အဖွဲ့အတွက် ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများကိုလည်းကောင်း၊ စစ်ရေးပြအဖွဲ့၊ အလံကိုင်အဖွဲ့၊ အထိမ်းအမှတ်ပြခန်း စီစဉ်ဆောင်ရွက်ရေး ကော်မတီနှင့် ပို့ဆောင်ရေးဆပ်ကော်မတီတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သူများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း တာဝန်ရှိသူများကို ပေးအပ်ချီးမြှင့်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ **"ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်"** ဂုဏ်ပြုသီချင်းကို စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဂုဏ်ပြုယာဉ်ဖြင့် ချီတက်ရာ၌ သီဆိုဖျော်ဖြေနိုင်ရန်အတွက် ကိုယ်တိုင်ရေးစပ်သီကုံးသည့် ဌာနအကြီးအကဲ နှစ်ဦးနှင့် သီဆိုဖျော်ဖြေသူတို့ကို ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများချီးမြှင့်ပြီး **"ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်"** ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေကာ ဂုဏ်ပြုနေ့လယ်စာကို ဝန်ထမ်းများနှင့်အတူ သုံးဆောင်ခဲ့ကြပြီး နေ့လယ်စာသုံးဆောင်အပြီးတွင် ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူများက မနောအကတွင် ဦးဆောင်သူ (Nau Shawng) များ၏ ဦးဆောင်မှုနှင့်အတူ ရိုးရာအစဉ်အလာနှင့်အညီ မနောအကကို တပျော်တပါး စုပေါင်းဆင်နွှဲကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## ပြခန်းများကို လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများက မနောကွင်းဘေးတွင် ပြသထားသည့် ဌာနဆိုင်ရာပြခန်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် သတ္တုရေးရာပြခန်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ရေးရာပြခန်း၊ ကျောက်စိမ်းနှင့် အချောထည်ပြခန်း၊ တိုင်းရင်းဆေးထုတ်ကုန်ပြခန်း၊ စက္ကူနှင့် စာအုပ်ထုတ်ကုန်ပြခန်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသထွက်သစ်သီးဝလံပြခန်း၊ အသင့်စားစားသောက်ကုန်ပြခန်း၊ ဂျပ်ခုတ်၊ ရက်ကန်း၊ ပိုးချည်မျှင် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမားများ ယှဉ်ပြိုင်ထိုးသတ်စဉ်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည် နယ်ဝန်ကြီးချုပ်တို့သည် စိန်ရတု ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် (အထက်မြန်မာပြည်) တို့ ပူးပေါင်း၍ ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို တက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

## ကြည့်ရှုအားပေး

ထို့နောက် မိုးလုံလေလုံ အားကစားခန်းမအတွင်း မြန်မာနိုင်ငံအတွင်းရှိ ရိုးရာလက်ဝှေ့ကလပ် ၁၂ ခုတို့မှ လက်ဝှေ့ကစားသမားများ၏ သုံးချီစိန်ခေါ်ပွဲ တွဲဆိုင်း လေးဆိုင်း၊ လေးချီစိန်ခေါ်ပွဲ တွဲဆိုင်း နှစ်ဆိုင်းအပါအဝင် ငါးချီ အထူးစိန်ခေါ်ပွဲအဖြစ် ပြည်နယ်နှင့် တိုင်းရွေခါးပတ်ချန်ပီယံ၊ ဂျပန်ဘုရင့်ဖလားဆုရဆီးဂိမ်းလက်ရွေးစင် ဗျက္ခ (ကျားဖြူ) နှင့် သုံးထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ ကရင်ပြည်နယ်မှ ဖျံသွေး (ထူးမေတ္တာထူး) တို့အတွဲနှင့် ပြည်နယ်နှင့် တိုင်းရွှေတံဆိပ် အကောင်းဆုံးဆုရ ထွန်းလင်းခန့် (စစ်ကိုင်း) နှင့် ထွန်းမင်းအောင် (ထွန်းထွန်းမင်းကလပ်၊ မုဒုံ) တို့အတွဲ၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့် သင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် အမှုထမ်း(ဒုတိယဦးစီးမှူး) များ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့် သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိသည့်အနက် ၁၉၁ နိုင်ငံ၌ ရွေးကောက်ပွဲများ ကျင်းပလျက်ရှိကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံအား ဦးစီးဦးဆောင်ပြုကြမည့် ပုဂ္ဂိုလ်များတစ်နည်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင်ပြည်သူများက ၎င်းတို့၏ ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ခြင်းဖြစ်ပြီး ယင်းသို့ ဆန္ဒမဲပေးရွေးချယ်နိုင်စေရန် ရွေးကောက်ပွဲကော်မရှင်က တာဝန်ယူကြီးကြပ် ကျင်းပပေးရကြောင်း။

မြန်မာနိုင်ငံတွင်လည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင်ပြည်သူများက ၎င်းတို့၏ ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးကောက်တင်မြှောက်နိုင်ရန် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပပေးရကြောင်း၊ ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရန် ဆောင်ရွက်ပေးရကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့်အညီ ဖြစ်စေရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား ကြီးကြပ်ရသကဲ့သို့ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုလည်း ဥပဒေနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်ရေး ကြီးကြပ်ဆောင်ရွက်ရကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေတို့ကို ပြဋ္ဌာန်းထားကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် ၁၃ ချက် ပြဋ္ဌာန်းထားသော်လည်း အဓိကအားဖြင့် ရွေးကောက်ပွဲများ ကျင်းပပေးရန်၊ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးရန်၊ ရွေးကောက်ပွဲကန့်ကွက်လွှာများကို ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆေးရန်ဆိုသည့် တာဝန် ၃ ချက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲမတိုင်မီ (အကြို) ကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန် (နှောင်းပိုင်း) ကာလဟူ၍ အပိုင်း ၃ ပိုင်းရှိကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေနှင့် လာမည့် ရွေးကောက်ပွဲများတွင် ယခင်ကျင့်သုံးခဲ့သည့် မဲအများဆုံးရသူအနိုင်ရသည့် (FPTP) စနစ်အစား မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲများ အလဟဿ၊ လေလွင့်ဆုံးရှုံးမှုနည်းပါးပြီး မဲဆန္ဒရှင်များ၏ ဆန္ဒမဲများကို အချိုးကျ ကိုယ်စားပြုပေးနိုင်သည့် အချိုးကျကိုယ်စားပြုစနစ် (PR System ) ကို ကျင့်သုံးဆောင်ရွက်ရေး နိုင်ငံရေးပါတီများနှင့် ၄ ကြိမ် တွေ့ဆုံဆွေးနွေး သဘောတူညီခဲ့ပြီးဖြစ်ကြောင်း၊ အချိုးကျ ကိုယ်စားပြုစနစ် ကျင့်သုံးရာတွင်လည်း မြန်မာနိုင်ငံနှင့်သင့်လျော်သည့် ရိုးရှင်းလွယ်ကူသော Closed List PR စနစ်ကို ကျင့်သုံးမည် ဖြစ်ကြောင်း၊ PR စနစ်နှင့် ပတ်သက်ပြီး သေသေချာချာ လေ့လာမှတ်သားကြရန် မှာကြားလိုကြောင်း။

ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲကော်မရှင်သည် အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ ကော်မရှင်၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက်များသည် ကော်မရှင်၏သိက္ခာ၊ နိုင်ငံ၏ဂုဏ်သိက္ခာကို ထိခိုက်နိုင်သည့်အတွက် အမှားမရှိစေရန် သတိမူရမည်ဖြစ်ပြီး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း၊ သင်တန်းသားများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေး လေ့လာသင်ယူကြရန် ပြောကြားသည်။

ယင်းနောက် သင်တန်းသားတစ်ဦးချင်းစီအလိုက် ကိုယ်ရေးအချက်အလက်များကို တင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၉ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## အငယ်တန်းအမှုထမ်းများ အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အငယ်တန်း အမှုထမ်းများအတွက် အခြေခံရုံး လုပ်ငန်း ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်ရှိ လောကနတ်ခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းကို ဇန်နဝါရီ ၉ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ရက်သတ္တ လေးပတ်ကြာ အချိန်ပြည့် သင်တန်းအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်တွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

ယခုသင်တန်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အသစ်ဝင်ရောက်လာကြသည့် အငယ်တန်းအမှုထမ်းများအတွက် ရုံးလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာများ၊ သံတမန်ရေးရာ၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံခြားရေးရာဆိုင်ရာ ဗဟုသုတများ၊ ကောင်စစ်ရေးရာများ၊ ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးရာ လုပ်ထုံးလုပ်နည်းများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား/သင်တန်းသူ ၇၂ ဦး တက်ရောက်ကြသည်။ **သတင်းစဉ်**

## အိမ်ထောင်စုစာရင်းစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကိုဗစ်ကာကွယ်ဆေးထိုးနှံမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ပဲခူး ဇန်နဝါရီ ၉

**ပဲခူးမြို့ပေါ်ရပ်ကွက်များတွင် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆)အား မြေပြင်စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှု အားပေးခဲ့သည်။**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက် စိန်သာမြလမ်းသို့ ရောက်ရှိခဲ့ပြီး အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)အား နေအိမ်တစ်ခုချင်းအလိုက် တိုက်ဆိုင်စစ်ဆေးနေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ အသက် (၅) နှစ်မှ (၁၂) နှစ်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထပ်ဆောင်း Booster ထိုးနှံနေမှုအား ကြည့်ရှုအားပေးပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **(အပေါ်ယာပုံ)**

ယင်းနောက် ပဲခူးမြို့ ဟံသာဝတီ ရှေးဟောင်းမြို့ရိုးနှင့် ကျုံးများ ပြန်လည်တူးဖော်နေသည့် (မိုးကောင်း) တံခါးသို့ ရောက်ရှိခဲ့ပြီး ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ပြုပြင် ထိန်းသိမ်းနိုင်ရန်အတွက် ကျုံးနှင့် မြို့ရိုးများ တူးဖော်ခြင်းဖြစ်ပြီး တူးဖော်သည့် နေရာများမှ တွေ့ရှိလာသည့် ရှေးဟောင်းအမွေအနှစ် ပစ္စည်းများအား အချိန်ကာလ၊ အမျိုးအစား၊ နေရာအလိုက် သေချာ မှတ်တမ်းတင် ထိန်းသိမ်းထားရှိရန်နှင့် ရှေးဟောင်းနယ်မြေများအတွင်း ကျူးကျော်နေထိုင်မှု မရှိစေရေး အနီးကပ်ကြီးကြပ် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဥပဒေရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများကို ဂုဏ်ပြုသည့်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဥပဒေရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများကို ဂုဏ်ပြုသည့်အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

**၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု စစ်ရေးပြစစ်ကြောင်းတွင် ပါဝင်ကြသည့် ဝန်ထမ်းများ၊ အထိုင်စစ်ကြောင်းတွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ဂုဏ်ပြုယာဉ်ပေါ်/ ယာဉ်အောက် သရုပ်ပြပါဝင်ခဲ့ကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် Western Park Restaurant ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**ဆတက်ထမ်းပိုး ကြိုးစားဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့သည် ကြုံတောင့်ကြုံခဲ နေ့ထူးနေ့မြတ်ဖြစ်ပြီး ဂုဏ်ပြုအခမ်းအနား၌ ပါဝင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဝန်ကြီးဌာန၏ သမိုင်းတွင်မည့် ဖြစ်ရပ်တစ်ခုအဖြစ်နှင့် မိမိဘဝ တစ်သက်တာအတွက်လည်း ဂုဏ်ယူဖွယ်အဖြစ် ကျန်ရစ်နေမည်ဖြစ်ကြောင်း၊ ဂုဏ်ပြုအခမ်းအနားတွင် မိမိ၏ ဝန်ကြီးဌာနကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထိုင်စစ်ကြောင်းများတွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့် စည်းကမ်းရှိရှိ စနစ်တကျ ညီညီညွတ်ညွတ် တက်တက်ကြွကြွဖြင့် ဆောင်ရွက်နိုင်မှု၊ ဂုဏ်ပြုယာဉ်ကို စိတ်ကူးစိတ်သန်းကောင်းစွာ၊ သေသပ်ကျနစွာ တင်ပြနိုင်မှုတို့ကြောင့် မိမိဝန်ကြီးဌာန၏ ပုံရိပ်ကို များစွာမြှင့်တင်ပေးနိုင်ခဲ့သဖြင့် မိမိအနေဖြင့် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း၊ ဂုဏ်ပြုအခမ်းအနားတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့သည့် ဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဖွဲ့အစည်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရာတွင် ရရှိသည့် အလေ့အကျင့်ကောင်းများကို ရယူပြီး နိုင်ငံတော်၏ ယန္တရားများ ရှေ့ဆက်လက် ပိုမိုကောင်းမွန်စွာ အရှိန်အဟုန်မြှင့်တင် လည်ပတ်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ဆတက်ထမ်းပိုး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ဝန်ထမ်းများနှင့်အတူ ဂုဏ်ပြုညစာကို ပျော်ရွှင်စွာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


# အခြေခံပညာ မူလတန်းကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၉**

အခြေခံပညာဦးစီးဌာန၊ ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်) တွင် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အခြေခံပညာ မူလတန်းကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း တက်ရောက်အမှာစကား ပြောကြားပြီး ထိုအခမ်းအနားသို့ ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်) မှ ကျောင်းအုပ်ကြီး၊ ဒုတိယ ကျောင်းအုပ်ကြီးများ၊ လက်ထောက် ညွှန်ကြားရေးမှူးနှင့် ဌာနမှူးများ၊ လက်ထောက်ကထိကများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းတွင် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရသည့် အရာရှိများ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို တတ်ကျွမ်းနားလည်စွာ ဆောင်ရွက်တတ်စေရန်နှင့် သင်ကြားသင်ယူမှုဆိုင်ရာ လုပ်ငန်းများ၊ မူဝါဒ/စီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ ကွန်ပျူတာ/ICT လုပ်ငန်းများ ပိုမိုတတ်ကျွမ်းနားလည်လာစေရန် အတွက် ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း(ရန်ကုန်) မှ ဌာနမှူးများ၊ လက်ထောက်ကထိကများနှင့် ဦးစီးအရာရှိများ စုစုပေါင်း သင်တန်းနည်းပြ ၁၃ ဦးတို့က သင်တန်း ပို့ချသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး / ပြည်နယ် အသီးသီးမှ အခြေခံပညာ မူလတန်းကျောင်းအုပ် ၃၀၀ တက်ရောက်မည်ဖြစ်ကာ သင်တန်းကာလမှာ ဇန်နဝါရီ ၉ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ၂၆ ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်) မှ သိရသည်။

**သတင်းစဉ်**



# အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**



# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

**ပေါင်းတည် ဇန်နဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ (၁/၂၀၂၃) လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၉ နာရီက စက်မှုလယ်ယာစခန်း(ဆွယ်)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်က အမှာစကားပြောကြားပြီး ပြည်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်က တောင်သူများအနေဖြင့် လယ်ယာသုံးကိရိယာများကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်တတ်ပြီး အကျိုးရှိရှိ အသုံးပြုတတ်စေရန် ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ပြီး ၁၂ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**အေးအေးဆင့်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြစ်ကြီးနားမြို့၌ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ ထောက်ပံ့ငွေများပေးအပ်

**မြစ်ကြီးနား ဇန်နဝါရီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲသို့ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးထွန်း၊ ရပ်မိရပ်ဖများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ထပ်ဆင့်လွှင့်စက်ရုံ)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)တို့မှ အရာထမ်း၊ အမှုထမ်းများ၊ ကချင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ စာရေးဆရာ အကြီးကိုကို(ကသာ)နှင့် မြို့နယ်စာရေးဆရာများအသင်းမှ စာရေးဆရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လူထုအခြေပြုဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် ပြတိုက်ငယ်၊ ကလေးစာဖတ်ခန်း၊ ပြည်သူ့စာကြည့်တိုက်အတွင်း အသိပညာပေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကွန်ပျူတာသင်တန်းခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် တွေ့ဆုံပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ **(အပေါ်ပုံ)** ဝန်ထမ်းများဖြစ်သည့်အတွက် ပါတီနိုင်ငံရေးကင်းရှင်းစွာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်၊ နိုင်ငံတော်နှင့် ပြည်သူ့အတွက် အကျိုးရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ရန်၊ စိတ်ထားကောင်းသည့်၊ နိုင်ငံချစ်တတ်သည့် လူငယ်များ ပေါ်ထွန်းလာစေရေး၊ ပြည်သူများထံ သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ သိရှိစေရေးနှင့် နိုင်ငံတော်က အားထားရသည့်မီဒီယာသမားများဖြစ်လာစေရေး ကြိုးစားကြရန်၊ ယခုလူထုအခြေပြုဗဟိုဌာနကို ပြည်သူများ၊ လူငယ်များ ပိုမိုလာရောက်အသုံးပြုနိုင်ရေး ထိုးထွင်းကြံဆ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလှငွေးက ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဌာနလုပ်ငန်းများကိုလည်းကောင်း၊ စာရေးဆရာများနှင့် ရပ်မိရပ်ဖများက အသိပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကိုယ်ပွားသတင်းစာတိုက် (မြစ်ကြီးနား)သို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ကချင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် ပတ်သက်၍ ဝန်ကြီးဌာနအောက်ရှိ အရာထမ်း/အမှုထမ်းဝန်ထမ်းများနှင့် တွေ့ဆုံ

**မြစ်ကြီးနား ဇန်နဝါရီ ၉**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် ပတ်သက်၍ ပြည်နယ်အတွင်းရှိ အရာထမ်း၊ အမှုထမ်းများနှင့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ **(အောက်ပုံ)**

အဆိုပါတွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ကချင်ပြည်နယ် အတွင်းရှိ ပြည်နယ်/ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ လျှပ်စစ်ဓာတ်အားခွဲရုံမှူးများ၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ အမှတ်(၂) တည်ဆောက်ရေး၊ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) (၄)ရုံးမှ ဝန်ထမ်းများ၊ ချီဖွေငယ်ရေအားလျှပ်စစ် စက်ရုံမှူး၊ မဟာဓာတ်အားလိုင်းမှူး (ဝိုင်းမော်)၊ ဝိုင်းမော် ပင်မဓာတ်အားခွဲရုံမှူးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်း ကျဆင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။



ရှင်းလင်း တင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေးသည် အဓိကကျသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရန် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကို တိုးတက် ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဖျက်ဆီးထားသော လျှပ်စစ်ဓာတ်အားလိုင်းများကိုလည်း ပြုပြင်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကာလမှစတင်၍ လာမည့် နွေရာသီကာလအထိ လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေး ဆည်များသို့ ဝင်ရောက်နေသည့် ရေများကို စနစ်တကျသိုလှောင်၍ ထိန်းသိမ်းမောင်းနှင်ပေးလျက်ရှိပါကြောင်း၊ ယခုအချိန်ကာလတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် သုံးစွဲမှုမမျှတသည့်အတွက် ခွဲဝေရရှိသည့် ဓာတ်အားကို မျှတစွာ ခွဲဝေဖြန့်ဖြူးသွားရန် လိုအပ်ပါကြောင်း၊ မီးသုံးစွဲသူ ပြည်သူများမှ မိမိတို့ရရှိသည့် အချိန်ကို ကြိုတင်သိရှိပြင်ဆင်နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ကြိုတင်အသိပေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဓာတ်အား ပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေး၊ လျှပ်စစ်ဓာတ်အားခ ကျသင့်ငွေများ အပြည့် အဝကောက်ခံရရှိစေရေး ပြည်နယ်/ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများက ဆောင်ရွက်သွားရန်နှင့် မီတာဖတ်ခြင်း၊ မီတာဘေလ်ဝေခြင်းနှင့် ဓာတ်အားခကောက်ခံခြင်း လုပ်ငန်းများကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများအား ကြံ့ခိုင်ကောင်းမွန်စေရေး စဉ်ဆက်မပြတ် စစ်ဆေး ဆောင်ရွက်သွားရန်၊ လျှပ်စစ်ဓာတ်အားများကို တရားမဝင်နည်းလမ်းများဖြင့် ရယူသုံးစွဲမှုမရှိစေရေး ကြပ်မတ် ဆောင်ရွက်သွားရန်၊ မိမိတို့ စက်ရုံ၊ ဓာတ်အားခွဲရုံ၊ ရုံးအဆောက်အဦနှင့် တာဝန်ထမ်းဆောင်သည့် နေရာဒေသ အနီးပတ်ဝန်းကျင်တို့တွင် လုံခြုံရေးတာဝန်များ စနစ်တကျ ချထားပြီး လစ်ဟာမှုမရှိစေရေး ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိစေရေး အထူးဂရုပြုဆောင်ရွက်သွားရန်နှင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်အောင် စေတနာထား၍ ဝိုင်းဝန်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး ပြည်နယ်အတွင်းရှိ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၂၇၉၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၈၀၀ ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ ကျင်းပ





**ရန်ကုန် ဇန်နဝါရီ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဘာဝနာမဟာသဘာ တရားထိုင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ၊ တက္ကသိုလ်အဓိပတိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် တက္ကသိုလ်ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တက္ကသိုလ်ဒုတိယအဓိပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဩဝါဒါစရိယအဖွဲ့ဝင်ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ တက္ကသိုလ်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကို က နိုင်ငံတော်အစိုးရသည် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်းလုံးတွင် ပြန့်ပွားစေရန် သင်္ဂါယနာခြောက်တန်တင် ထေရဝါဒပိဋကတ်စာပေများကို မူရင်းအတိုင်းလေ့လာသင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန် ရည်မှန်းချက်ဖြင့် ပြည်တွင်းပြည်ပမှ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များကို ဤတက္ကသိုလ်ကြီးတွင် အခမဲ့လေ့လာသင်ယူစေလျက်ရှိကြောင်းနှင့် တက္ကသိုလ်အတွက်လိုအပ်သည့် သင်ကြားရေးရာ၊ စီမံရေးရာကိစ္စရပ်များကို တက္ကသိုလ်ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများက လိုအပ်သလို ဩဝါဒများ ချီးမြှင့်ပေးတော်မူပါရန် လျှောက်ထားသည်။ **(အပေါ်ပုံ)**

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ အဖွဲ့ဥက္ကဋ္ဌ၊ တက္ကသိုလ်အဓိပတိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၊ ဒုတိယဥက္ကဋ္ဌ၊ တက္ကသိုလ် ဒုတိယ အဓိပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်နှင့် တက္ကသိုလ်ဩဝါဒါစရိယအဖွဲ့ဝင် ဆရာတော်ကြီးများက ဩဝါဒကထာများ မြွက်ကြားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကြွရောက်တော်မူလာကြသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဆရာတော်ကြီးများကို နဝကမ္မနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တက္ကသိုလ် ဒုတိယအဓိပတိ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ပြင်ဦးလွင်နှင့် မန္တလေးမြို့များတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၉

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ တုံဂပူရိဟိုတယ်၌ ကျင်းပသော ရုရှားဘာသာစကားပြော အခြေခံသင်တန်း ဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီးက ရုရှားဘာသာစကား သင်တန်းကို ဝန်ကြီးဌာနသည် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၏ အကူအညီဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သင်တန်းကာလ ငါးလကျော် ကြာမြင့်ခဲ့ပြီး နာရီပေါင်း ၆၀၀ ကို ရက်သတ္တပတ် ၂၀ သင်ကြားပို့ချပေးခဲ့ပါကြောင်း၊ ဘာသာစကားဆိုသည်မှာ စိတ်ဝင်စားမှု အပြည့်ထားကာ လေ့ကျင့်သင်ယူလျှင် တတ်မြောက်လွယ်သဖြင့် လက်တွေ့ပြောဆို လေ့ကျင့်ကြရန် လိုအပ်ပါကြောင်း၊ ခရီးသွားများသည် ၎င်းတို့၏ ဘာသာစကားဖြင့် နှုတ်ဆက်ပြောဆိုပါက ကျေနပ်နှစ်သက်မှုသာမက ယုံကြည်မှုကိုပါ တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင် စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်ဇော်မင်းလတ်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် က ရုရှားဘာသာစကားသင်တန်းတွင် သင်ကြားပို့ချပေးခဲ့ကြသော ဆရာ ဆရာမများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးက ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုများရရှိခဲ့ကြသော သင်တန်းသား သင်တန်းသူများကို ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး စစ်တက္ကသိုလ် အဆင့်မြင့်စာပေ ပညာ ဗဟိုဌာန ပါမောက္ခချုပ် ဗိုလ်မှူးချုပ်သိန်းလွင်က သင်တန်းတွင် အောင်မြင်ခဲ့ကြသူများကို သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက ရုရှားဘာသာသီချင်းများ၊ ကဗျာများ၊ သရုပ်ဖော်ပြဇာတ်များဖြင့် ဘာသာစကားစွမ်းရည်ကို ပြသဖျော်ဖြေတင်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းသို့ ရောက်ရှိကာ အပန်းဖြေစခန်းသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းခရီးသွားများဖြင့် စည်ကားနေမှု၊ ခရီးသွား ဧည့်သည်အပန်းဖြေသူများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမောင်ကိုနှင့်အတူ မန္တလေးမြို့ရှိ မင်္ဂလာမန္တလေးဟိုတယ်၌ ကျင်းပသည့် မြန်မာ–တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ တွေ့ဆုံပွဲသို့တက်ရောက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ပူးပေါင်းဖွင့်လှစ်သော ရုရှားဘာသာစကားသင်တန်း အမှတ်စဉ်–၂ သို့တက်ရောက်၍အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ ဖြင့် ဆောင်ရွက်သော ခရီးသွားလုပ်ငန်းသုတေသနစီမံကိန်း၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ခရီးသွားလုပ်ငန်း သုတေသနလက်စွဲစာအုပ်ပါ သုတေသနနည်းလမ်းများ ရှင်းလင်းပို့ချခြင်းကို သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသော ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ နေ့ထူးနေ့မြတ်တစ်ခုဖြစ်ပြီး အလွန်အရေးပါသော လွတ်လပ်ရေးနေ့ကို နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ရာ ယခု ၂၀၂၃ ခုနှစ်တွင် (၇၅) နှစ်ပြည့်မြောက်ပြီး စိန်ရတုတိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခု စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ခမ်းနားအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ သမိုင်းဝင် နေ့ထူးနေ့မြတ် အခမ်းအနားတစ်ခုတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေနှင့် အောင်မြင်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုလို ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ဖွဲ့၊ လုံ့လ၊ ဝီရိယရှိပြီး ကိုယ်စီတာဝန်သိစိတ်ရှိစွာဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ ထို့အတွက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ကျရာနေရာမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ထမ်းများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ဂုဏ်ပြုလက်ဆောင်အဖြစ် ကံစမ်းမဲများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၉** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် –၀ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ကျောက်မဲမြို့၊နမ့်စန်မြို့နှင့် တီးတိန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# သင်ကြားသင်ယူရေးနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြစေလို

**နေပြည်တော် ဇန်နဝါရီ ၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားတက္ကသိုလ်ရှိ တက္ကသိုလ်ဗဟိုသုတေသနဌာနသို့ သွားရောက်၍ သုတေသနဓာတ်ခွဲခန်းများ၊ လက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)



**သုတေသနဖွံ့ဖြိုးတိုးတက်ရေး**

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက သုတေသနလက်တွေ့ခန်းသုံးပစ္စည်းများကို အကျိုးရှိထိရောက်အောင် စနစ်တကျ အသုံးပြုကြစေလိုပါကြောင်း၊ တန်ဖိုးရှိရှိ အသုံးချမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ပါက ပြန်လည်ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ သုတေသနဖွံ့ဖြိုးတိုးတက်ရေးသည် တက္ကသိုလ်၏အသက်သွေးကြောဖြစ်၍ မိမိတို့ဒေသ ဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ အောင်မြင်ရေးအတွက် အသုံးချဆောင်ရွက်ကြရန်အားပေးပါကြောင်း၊ မြစ်ကြီးနားတက္ကသိုလ်ဗဟိုသုတေသနဌာန မွမ်းမံထိန်းသိမ်းရေးနှင့်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဆိုပါဌာနအတွင်း၌ မြစ်ကြီးနားတက္ကသိုလ် မဟာတန်းကျောင်းသား ကျောင်းသူများကိုတွေ့ဆုံ၍ ပညာထူးချွန်အောင် ကြိုးစားကြရန်၊ သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန်နှင့်သုတေသနရလဒ်များကို အသုံးချလုပ်ငန်းများ ဆောင်ရွက်နိုင်သည်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

**လေ့ကျင့်ပျိုးထောင်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် မြစ်ကြီးနားတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သင်ကြားသင်ယူရေးနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ မျိုးဆက်သစ်တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်က အားထားရသည့် လူတော်လူကောင်း ပညာတတ်များဖြစ်အောင် စေတနာထား၍ လေ့ကျင့်ပျိုးထောင်ပေးကြစေလိုပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် တက္ကသိုလ် ဆရာ ဆရာမလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ကြိုးစားသင်ကြားပေးစေလိုပါကြောင်း၊ မြစ်ကြီးနားတက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်မည့် ဘာသာရပ် သုံးခုအတွက် ဆရာ ဆရာမ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ သုတေသနသုံး၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံအောင် ဖြည့်ဆည်းနိုင်ရေးအတွက် ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများကို တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) အဖွဲ့မှ ဦးဆောင်ကျင်းပသော အဂတိလိုက်စားမှုနှင့်ပတ်သက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်(ရုံးချုပ်) ဇမ္ဗူသီရိခန်းမ၌ လည်းကောင်း၊ ရန်ကုန်ဘဏ်ခွဲ Learning Center Hall ၌ လည်းကောင်း တစ်ပြိုင်တည်း ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြား၍ ဆွေးနွေးပွဲကို ဖွင့်လှစ်သည်။

နံနက်ပိုင်းတွင် နေပြည်တော်(ရုံးချုပ်)၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးအောင်ခန့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဆွေးနွေးကြသည်။

အလားတူ နံနက်ပိုင်းတွင် ရန်ကုန်ဘဏ်ခွဲ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုသင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင်အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းတင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်းကို လည်းကောင်း အသိပညာပေး ဆွေးနွေးကြသည်။



ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသော ဝန်ထမ်းများ၏ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမေးမြန်းမှုများကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြို့တော်သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက လှိုင်မြို့နယ် (၁၂) ရပ်ကွက် ပါရမီလမ်းသို့ သွားရောက်၍ ပြည်လမ်းနှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)အဝင် လမ်းအကြားလမ်းသားတိုးချဲ့ မြေပြုပြင်၍ ကွန်ကရစ် ခင်းကျင်းနေမှုနှင့် တိုးချဲ့လမ်းနှင့် အင်းလျားလေးကန်စပ်အကြား လူသွားစင်္ကြံ စက်ဘီးလမ်း ဆောင်ရွက်ရန် လျှပ်စစ်ဓာတ်ကြိုးနှင့် မလွတ်ကင်းသည့်အပင်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ စက်ယန္တရားများဖြင့် မြေညှိပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးရန် တိုက်တွန်းမှာကြားသည်။



ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် ဗဟိုလမ်းထောင့်ရှိ မြေနေရာသို့သွားရောက်ပြီး ၎င်းမြေနေရာကို မြေညှိပြုပြင်၍ လမ်းသားတိုးချဲ့ပြီး ကားပါကင်များ ဆောင်ရွက်ပေးရန်၊ သန့်ရှင်းသာယာ သပ်ရပ်ရေးအတွက် အပင်မြင့်များ အောက်တက်ရှင်းပေးရန်တို့ကို မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့နယ်ရှိ မိုင်ဒါကွင်း (မြို့မကွင်း)သို့ သွားရောက်၍ အဆိုပါ ကွင်းအတွင်း အရောင်းပြပွဲများ၊ ကုန်စည်ပြပွဲများ ပြသနိုင်ရေးအတွက် ကွင်းသန့်ရှင်းသာယာသပ်ရပ်ရေး မြက်ပင်ချုံနွယ်များရှင်းလင်း၍ မြေညှိပြုပြင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုး အနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၉**

တနင်္သာရီ တိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ရွာရန် ရာခိုင်နှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ စီမံခန့်ခွဲရေး ကော်မတီညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၁ /၂၀၂၃) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များအလိုက် ပြီးခဲ့သည့်ကာလ အကောင်အထည် ဖော်ရန် လျာထားလုပ်ငန်းစီမံကိန်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ လုပ်ငန်းတာဝန်များအလိုက်၊ သတ်မှတ်ကာလ အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ လာမည့်ကာလတွင် ရှေ့ဆက်လက် ဆောင်ရွက်မည့် လျာထားလုပ်ငန်း စဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေး သို့ တက်ရောက်လာကြသည့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ဦးစစ်အေး၊ ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီနှင့် ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်များနှင့် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များမှ ပါမောက္ခချုပ် များက ၂၀၂၂ ခုနှစ်အတွင်း လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နိုင်မှုနှင့်၂၀၂၃ ခုနှစ် တွင် ရှေ့ဆက်လက်ဆောင်ရွက် မည့် လုပ်ငန်းအစီအစဉ်များ ကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် က တင်ပြချက်များနှင့် စပ်လျဉ်း၍ မှာကြား ပြန်လည်သုံးသပ်ခြင်း၊ ဖြည့်စွက် ဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး နိဂုံးချုပ် အမှာ စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၉**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ် ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည် တော်ရှိ ပြန်ကြားရေးဝန်ကြီး ဌာန စုဝေးခန်းမကြီး၌ ကျင်းပပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အထူး ဆု ရရှိသူများအား ဆုများပေးအပ် ချီးမြှင့်သည်။

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့သည် ထူးခြား လေးနက်ပြီး ကြုံတောင့်ကြုံခဲ နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် နိုင်ငံလွတ်လပ်ရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံ၊ (၇၅) နှစ် စိန်ရတုတိုင် ဖြတ်သန်းခဲ့ရသည့် လွတ်လပ်ရေး၏ အနှစ်သာရများ၊ သမိုင်းမှတ်တမ်း တစ်လျှောက် အစဉ်အလာ ကြီးမားခဲ့သည့် လွတ်လပ်ရေးနေ့၏ ပုံရိပ်များနှင့် လွတ်လပ်ရေးကြီးကို ထိန်းသိမ်း စောင့်ရှောက်မည် ဆိုသည့် မွန်မြတ်သည့် ရည်ရွယ်ချက်များ ကို ပြည်သူလူထုများ၊ လူငယ် လူရွယ်များအကြားတွင် သိမြင်ပြီး စိမ့်ဝင်ပျံ့နှံ့စေရန် ယင်းဆောင်းပါး ပြိုင်ပွဲကို ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲသို့ မြန်မာ နိုင်ငံအရပ်ရပ်မှ စာပေပညာရှင် များနှင့် ဝါသနာရှင် ၉၆ ဦးတို့ က ဆောင်းပါး ၉၆ ပုဒ် ပါဝင် ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင် ဆောင်းပါးများကို မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ စာပေ ပညာရှင်ကြီးများက ဆုစိစစ် ရွေးချယ်ပေးခဲ့ကြခြင်းဖြစ်သည်။

ဆုချီးမြှင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဦးဇော်ဝင်း၊ ဒေါက်တာ အေးထွန်းနှင့် ဒေါက်တာ စိုးဝင်း၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆုရရှိသူများ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးရဲတင့် အမှာစကားပြောကြားစဉ်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြား ရာတွင် ယခုကဲ့သို့ ရည်ရွယ်ချက် ကောင်းမွန်သည့် ဆောင်းပါးပြိုင်ပွဲ များကို ကျင်းပခြင်းဖြင့် ပြည်သူ လူထုအတွင်း မိမိနိုင်ငံအပေါ် တန်ဖိုးထား ဂုဏ်ယူလိုစိတ်များ၊ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို လေးစားတန်ဖိုး ထားလိုစိတ်များ၊ ဇာတိသွေး ဇာတိမာန် ထက်သန်စိတ်များ ပျံ့နှံ့လာမည်ဟု ယုံကြည်ပါ ကြောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင်များကို ဂုဏ်ပြုချီးမြှင့်ရင်း နောင်နှစ်များ တွင်လည်း ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်လိုပါကြောင်းနှင့် ပြိုင်ပွဲ ဝင်ဆောင်းပါးများမှ တစ်ဆင့် မိမိတို့ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ လွတ်လပ်ရေး၏ တန်ဖိုးနှင့် လွတ်လပ်ရေး၏ အနှစ်သာရများ ကို ထင်ဟပ်ဖော်ကျူးနိုင်အောင် ဆက်လက်ရေးသားဖန်တီးပေးကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆောင်းပါးပြိုင်ပွဲ တွင် အထူးဆု (၅)ရရှိသူ ဦးသန်း ကျော် ကလောင်အမည် မောင် (ပုလဲမြေ) အား နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးကလည်း ကောင်း၊ အထူးဆု (၄)ရရှိသူ ဦးဆန်းဦး ကလောင်အမည် မင်းလပြည့်(ဟားခါး)နှင့် အထူး ဆု (၃) ရရှိသူ ဦးသန်းနိုင် ကလောင်အမည် မင်းသန်းနိုင် (မုဒုံ)တို့အား ဒုတိယဝန်ကြီး ဒေါက်တာ စိုးဝင်းကလည်း ကောင်း၊ အထူးဆု (၂)ရရှိသူ ဦးကျော်ကျော် ကလောင်အမည် မနောသစ်(ပခုက္ကူ)နှင့် အထူးဆု (၁)ရရှိသူ ဦးတင်ကိုဝင်း ကလောင်အမည် တင်ကိုဝင်းတို့ အား ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းကလည်းကောင်း ဆု များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ "ချိန်ခါယခု စိန်မဟာရတု လွတ်လပ်ရေး အားလုံးစုံညီ ပါဝင်ဆင်နွှဲပေး" ဆောင်းပါးဖြင့် တတိယဆုရရှိသူ ဦးစိန်ဝင်း ကလောင်အမည် ရင်ငြိမ်းအေး (မေတ္တာမြေ)နှင့် "မြန်မာနိုင်ငံ၏ အနာဂတ်လှပဖို့ လွတ်လပ်ရေးကို ထိန်းသိမ်း ကာကွယ်စို့" ဆောင်းပါးဖြင့် ဒုတိယဆုရရှိသူ ဒေါ်လှလှမြင့် ကလောင်အမည် ငြိမ်းချမ်းမေတို့ အား ဒုတိယဝန်ကြီး ဦးဇော်ဝင်းက လည်းကောင်း၊ "ပြည်ထောင်စု အမွေ အမြဲတည်တံ့စေ ထိန်းသိမ်း စို့လေ" ဆောင်းပါးဖြင့် ပထမဆု ရရှိသူ ဗိုလ်ကြီးညွန့်ဝင်း (ငြိမ်း) ကလောင်အမည် ဘုန်းမောင်ဝင်း (ဖျာပုံ) အား ဒုတိယဝန်ကြီး ဦးရဲတင့်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရရှိသူများ ကိုယ်စား ပထမဆုရရှိသည့် ဗိုလ်ကြီးညွန့်ဝင်း (ငြိမ်း) က ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူ များသည် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ခဲ့ကြသည်။**(အပေါ်ပုံ)**

**သတင်းစဉ်**

---

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ ဝင်/ဝန်ထမ်း အရာထမ်း၊ အမှု ထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ် လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိစိန်ရာဇာ သာသနာလင်္ကာရ ကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနား မြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသို ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသ ကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန်ဇေတ ဝန်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အောင်ပါရမီ ပရိယတ္တိစာသင်တိုက်၊ ရန်ကုန် တိုင်းဒေသကြီး စမ်းချောင်း မြို့နယ်ရှိ အရှင်ဥတ္တမသာရပရိ ယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ မစိုးရိမ် ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိ ကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ အောင် သီတာပရိယတ္တိ စာသင်တိုက် တို့သို့ဆွမ်းဆန်တော်များကိုလည်း ကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ပဋ္ဌာနတာရုံ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသ ကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံ ကျောင်းတိုက် နှင့် မဟာအောင်မြေမြို့နယ်ရှိ မြတောင်ကျောင်းတိုက်၊ ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ်ရှိ ရှစ်မိုင်မစိုးရိမ်ရွှေကျင် ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အေးစေတီ ပရိယတ္တိ စာသင်တိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ် မြို့နယ်ရှိ မဟာရံသီကျောင်း တိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန် ရှိသူများက သွားရောက် ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါး ဂျီ-၇ ငါးနိုင်ငံခရီးစဉ်စတင်

**တိုကျို ဇန်နဝါရီ ၉**

ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါး ဖူမီယိုသည် ဂျီ-၇ ငါးနိုင်ငံ ခရီးစဉ်ကို စတင်ခဲ့သည်။

ကီရှီးဒါးသည် ပြင်သစ်၊ အီတလီ၊ ဗြိတိန်၊ ကနေဒါနှင့် အမေရိကန် ပြည်ထောင်စု ခရီးစဉ်များကို သွားရောက်လျက်ရှိသည်။

မေလတွင် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျီ-၇ အစည်းအဝေးမတိုင်မီ ကီရှီးဒါးသည် ဂျီ-၇ အဖွဲ့ဝင် ငါးနိုင်ငံမှ ခေါင်းဆောင်တစ်ဦးချင်းစီနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

ကီရှီးဒါးသည် ပြင်သစ်သို့ တနင်္လာနေ့က ရောက်ရှိခဲ့သည်။ ယင်းနေ့ ညပိုင်းတွင် ပြင်သစ်သမ္မတ အန်မန်နျူရယ် မက်ခရွန်နှင့် တွေ့ဆုံခဲ့သည်။

ကီရှီးဒါးက ဟီရိုရှီးမား၌ ကျင်းပမည့် ဂျီ-၇ အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရန် မက်ခရွန်ကို အကူအညီပေးရန် တောင်းဆိုခဲ့သည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် ကမ္ဘာ့စိန်ခေါ်မှုများကို မည်သို့မည်ပုံ တုံ့ပြန်သွားမည်ဆိုသည့်အပေါ် အမြင်ချင်းဖလှယ်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**



ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါး ဖူမီယို။

# ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် ဗီယက်နမ်ဝန်ကြီးချုပ် တိုက်တွန်း

**ဟနွိုင်း ဇန်နဝါရီ ၉**

ပွဲလမ်းသဘင် အများအပြား ကျင်းပနိုင်ခြေရှိသည့် တရုတ်နှစ်သစ်ကူး နီးကပ်လာချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်က တိုက်တွန်းပြောကြားလိုက်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဇန်နဝါရီ ၉ ရက်က ပြောကြားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ပြီဆိုသော်လည်း XBB အပါအဝင် မျိုးကွဲသစ်များ ထပ်မံဖြစ်ပေါ်လျက်ရှိကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်က ဇန်နဝါရီ ၈ ရက်က ပြောကြားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကို အနီးကပ်စောင့်ကြည့်ရန် ကျန်းမာရေးဝန်ကြီးဌာနကို ဝန်ကြီးချုပ်က တိုက်တွန်းထားသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သောအချိန်တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ညှိနှိုင်းလုပ်ဆောင်ရန် သက်ဆိုင်ရာ၊ ပြည်တွင်းနှင့် နိုင်ငံတကာ ကျွမ်းကျင်သူများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်နေစဉ် တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားခြင်းကို ခြေရာခံကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် လူမှုအသိုင်းအဝိုင်းအတွင်း ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားခြင်းကို ကာကွယ်ရန်၊ ဆေးရုံတက်ရောက်ကုသသူဦးရေ အနည်းဆုံးဖြစ်စေရန်နှင့် သေဆုံးသူဦးရေ အနည်းဆုံးဖြစ်စေရန် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



ဗီယက်နမ်ရိုးရာ ခမောက်လုပ်ငန်းတစ်ခုတွင် ကိုဗစ်-၁၉ ကာကွယ်ရန် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ထားသည်ကို တွေ့ရစဉ်။

# တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ယာဉ်ရပ်နားစခန်းတစ်ခု မီးလောင် လူ ၃၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**ဆိုးလ် ဇန်နဝါရီ ၉**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းရှိ ယာဉ်ရပ်နားစခန်းတစ်ခုတွင် ဇန်နဝါရီ ၉ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း သေဆုံးသူမရှိခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဘူဆန်မြို့လယ်ရှိ စတူဒီယိုခန်းနှင့် ဆက်စပ်လျက်ရှိသော ယာဉ်ရပ်နားစခန်းတွင် ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းနှင့် အဆိုပါမီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာသည် မြို့တော်ဆိုးလ်နှင့် ကီလိုမီတာ ၃၃၀ ကွာဝေးကြောင်း သိရသည်။

မီးလောင်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူမရှိကြောင်းသတင်း ဖော်ပြခဲ့သော်လည်း လူအတော်များများ မီးခိုးငွေ့များ ရှူရှိုက်ခဲ့ရကြောင်း ဘူဆန်မီးသတ်အာဏာပိုင်အဖွဲ့မှ အရာရှိ တစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

တိုက်ခန်း၌နေထိုင်သူ ၃၀ ခန့်ကို ဘေးလွတ်ရာသို့ ကယ်တင်ခဲ့ကြောင်းနှင့် မီးလောင်ပြီး မိနစ် ၅၀ ကြာပြီးနောက် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးသတ်တာဝန်ရှိသူများသည် မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၅၃၀၈ ဦးရှိပြီး ၃၃၆ ဦးထပ်မံသေဆုံး

**တိုကျို ဇန်နဝါရီ ၉**

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၉ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၅၃၀၈ ဦးနှင့် သေဆုံးသူ ၃၃၆ ဦး ရှိကြောင်း အတည်ပြုခဲ့သည်။

အသက်ရှူစက် သို့မဟုတ် နှလုံး၊ အဆုတ်စက်တပ်ဆင်ထားရသည့် ကိုဗစ်-၁၉ ရောဂါ အပြင်းဖျားနေသူအရေအတွက်မှာ ၆၄၈ ဦးဖြစ်ပြီး အဆိုပါပမာဏသည် ဇန်နဝါရီ ၈ ရက်ကထက် ၂၃ ဦး ကျဆင်းလျက်ရှိသည်။

တိုကျိုတွင် ယင်းနေ့က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၁၉၉ ဦးရှိကြောင်း အတည်ပြုခဲ့သည်။ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူဦးရေသည် ယခင်အပတ်ကထက် ၆၆၂ ဦး ပိုများခဲ့သည်။ တစ်ပတ်ပြီးတစ်ပတ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်ခဲ့သည်။

တိုကျိုတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၈ ဦး ထပ်မံသေဆုံးခဲ့ပြီး အပြင်းအထန်ရောဂါ ဖြစ်နေသူပေါင်းမှာလည်း တစ်ဦးမှ ၅၅ ဦး အထိ ရှိခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ရေဘေးသင့်ပြည်နယ်ကို အစိုးရ ရန်ပုံငွေပေးမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် ကြေညာ

ကင်ဘာရာ ဇန်နဝါရီ ၉

**ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်က အနောက်ပိုင်းဩစတြေးလျရှိ ရေဘေးသင့်ဒုက္ခသည်များအတွက် ဖက်ဒရယ် (အစိုးရ) အထောက်အပံ့ကို ကြေညာခဲ့သည်။**

ဝန်ကြီးချုပ် အယ်လ်ဘာနီးစ်သည် ဇန်နဝါရီ ၉ ရက်က မမျှော်လင့်ဘဲ ရေဘေးသင့်ခဲ့သည့် အနောက်ပိုင်းဩစတြေးလျ ပြည်နယ်တစ်ခုဖြစ်သည့် ကင်ဘာလေပြည်နယ်သို့ ပြည်နယ်ဝန်ကြီးချုပ် မာ့ခ်မက်ဂိုဝန်နှင့် သွားရောက်ကြည့်ရှုခဲ့သည်။

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း အယ်လီဝင်ရောက်ခဲ့သောကြောင့် ဒီဇင်ဘာ ၃၀ ရက် ကတည်းက အဆိုပါပြည်နယ်ရှိ ဒေသအတော်များများတွင် မိုးရေချိန် ၅၀၀ လက်မအထိ ရောက်ရှိခဲ့သည်။

အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဖစ်ဇ်ရွိုင်မြစ် ရေကြီးရေလျှံခဲ့သည်။

ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် လမ်းများရေနစ်မြုပ်ခဲ့သောကြောင့် ဒေသခံများကို လေကြောင်းဖြင့် ကယ်တင်ခဲ့ရသည်။

ရေဘေးသင့်ခဲ့သော ဒေသခံများကို ၎င်းတို့၏ အိမ်များကို ပြန်လည်ပြင်ဆင်ခွင့်နှင့် ပျက်စီးသွားသော ကုန်စည်များအစား ကုန်စည်အသစ်များ ပြန်ဝယ်ခွင့်ကိုအစိုးရနှင့် ပြည်နယ်သဘာဝဘေး ပြန်လည်ထူထောင်ရေး ရန်ပုံငွေမှ ခွင့်ပြုသွားမည်ဖြစ်သည်။ **ဆင်ဟွာ**



အနောက်ပိုင်း ဩစတြေးလျရှိ ရေဘေးသင့်နေသည့် နေရာတစ်ခုကို တွေ့ရစဉ်။

# ဆင့်မအကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံမှု ကမ္ဘောဒီးယားနိုင်ငံ၌ စတင်

**ဖနောင်ပင် ဇန်နဝါရီ ၉**

ကမ္ဘောဒီးယားနိုင်ငံ၌ ဇန်နဝါရီ ၉ ရက်တွင် နိုင်ငံတစ်ဝန်း ဆင့်မအကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံမှု စတင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗန်ဒင်းက ပြောသည်။

ကာကွယ်ဆေးသည် ကိုဗစ်-၁၉ ရောဂါအန္တရာယ်များမှ လူများ၏အသက်ကို ကာကွယ်ရာတွင် အစွမ်းထက်ဆုံးဆေးတစ်လက်အဖြစ် ရှိနေဆဲဖြစ်ကြောင်း ဗန်ဒင်းက ဖနောင်ပင်ရှိ ကာကွယ်ဆေးထိုးနှံသောနေရာသို့ ရောက်ရှိစဉ် သတင်းထောက်များကို ပြောသည်။

ထပ်ဆောင်းထိုးနှံမှုများက ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် ကိုယ်ခံအားစနစ်ကို အဓိက မြှင့်တင်ပေးရာရောက်သည့်အတွက် အလှည့်ကျသည့်အခါ ထပ်ဆောင်းကာကွယ်ဆေး လာရောက်ထိုးနှံမှုခံယူကြစေလိုကြောင်း ၎င်းက ဆက်ပြောသည်။ ဗန်ဒင်း၏ အဆိုအရ ကိုဗစ်ကာကွယ်ဆေး ငါးကြိမ်မြောက်နှင့် ခြောက်ကြိမ်မြောက်ထိုးနှံမှုကြား လေးလမှ ခြောက်လအထိ ကွာဟကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံလူဦးရေအများစု ကာကွယ်ဆေးထိုးနှံပြီးနောက် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ လက်ရှိအချိန်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ ၁၆ သန်း၏ ၉၅ ဒသမ ၂ ရာခိုင်နှုန်း သို့မဟုတ် လူပေါင်း ၁၅ ဒသမ ၂၄ သန်းမှာ ကာကွယ်ဆေး ထိုးနှံမှုခံယူထားကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကာကွယ်ဆေးထိုးနှံရာတွင် တရုတ်နိုင်ငံထုတ် စီနိုဗက်နှင့် စီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အများဆုံးအသုံးပြုကြောင်း သိရသည်။

**ဆင်ဟွာ**



ဖနောင်ပင်ရှိ ကာကွယ်ဆေးထိုးနှံရာနေရာတစ်ခု၌ ကလေးငယ်တစ်ဦး စီနိုဗက်ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။

## လွှတ်တော်၊ သမ္မတအိမ်တော်နှင့် တရားရုံးချုပ်တို့သို့ ကျူးကျော်စီးနင်းမှုအား ဘရာဇီးသမ္မတ ပြစ်တင်ရှုတ်ချ

**ဘရာဆီးလီးယား ဇန်နဝါရီ ၉**

သမ္မတဟောင်း ဂျေးဘော်လ်ဆွန်နာရိုအား ထောက်ခံသူများက ဇန်နဝါရီ ၈ ရက်တွင် နိုင်ငံ၏ လွှတ်တော်၊ သမ္မတအိမ်တော်နှင့် တရားရုံးချုပ်တို့သို့ ဝင်ရောက် ကျူးကျော်စီးနင်းမှုအား ဘရာဇီး သမ္မတ လူးဝစ်အင်ယာစီယို လူလာဒါဆီးလ်ဗားက ပြစ်တင်ရှုတ်ချလိုက်သည်။



သမ္မတဟောင်း ဘော်လ်ဆွန်နာရိုကို ထောက်ခံသူများ ဇန်နဝါရီ ၈ ရက်က သမ္မတအိမ်တော်သို့ ဝင်ရောက်ကျူးကျော်စဉ်။

### အရေးယူမည်

ထိုကဲ့သို့ ကျူးလွန်သူများကိုလည်း ဥပဒေအရ ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

### လွှတ်တော်ကို ပြန်လည်ရယူနိုင်

ဘရာဇီး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်သူများထံမှ လွှတ်တော်ကို ပြန်လည်ရယူနိုင်ခဲ့ပြီး တရားရုံးချုပ်နှင့် သမ္မတအိမ်တော်ကိုလည်း ပြန်လည် ရယူနိုင်ရေးအတွက် ဆောင်ရွက်နေဆဲ ဖြစ်ကြောင်း ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ**

## အာကာသထဲသို့ ဂြိုဟ်တုအသစ်သုံးစင်းကို တရုတ်နိုင်ငံက အောင်မြင်စွာလွှတ်တင်

**ဝန်ချန်း ဇန်နဝါရီ ၉**

တရုတ်နိုင်ငံသည် ဟိုင်နန်ကျွန်းပြည်နယ်တောင်ပိုင်းရှိ ဝန်ချန်းအာကာသလွှတ်တင်ရေးစင်တာမှ အာကာသထဲသို့ ဂြိုဟ်တုအသစ်သုံးစင်းကို ဇန်နဝါရီ ၉ ရက်က အောင်မြင်စွာလွှတ်တင်လိုက်ကြောင်း သိရသည်။

ရှီကျန်း -၂၃၊ ရှီယွမ် -၂၂ အေနှင့် ရှီယွမ် - ၂၂ ဘီ ဟု အမည်ရသော အဆိုပါ ဂြိုဟ်တုသုံးစင်းကို လောင်းမားချ် သယ်ဆောင်ရေးဒုံးပျံဖြင့် ပေကျင်းစံတော်ချိန် နံနက် ၆ နာရီတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး စီစဉ်သတ်မှတ်ထားသော ဂြိုဟ်တုပတ်လမ်းထဲသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့သည်ဟု ဆိုသည်။

ရှီကျန်း -၂၃ ဂြိုဟ်တုကို သိပ္ပံနည်းကျ လက်တွေ့စမ်းသပ်မှုများနှင့် နည်းပညာပိုင်းဆိုင်ရာ အတည်ပြုရေးတွင် အဓိကထားအသုံးပြုသွားမည်ဖြစ်ပြီး ရှီယွမ် -၂၂ အေ နှင့် ရှီယွမ် - ၂၂ ဘီကို အာကာသပတ်ဝန်းကျင်စောင့်ကြည့်ခြင်းကဲ့သို့သော နည်းပညာသစ်များ၏ ပတ်လမ်းအတွင်း အတည်ပြုစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအကြိမ် ဂြိုဟ်တုသုံးစင်းလွှတ်တင်မှုသည် လောင်းမားချ် သယ်ဆောင်ရေးဒုံးပျံများ၏ (၄၅၉) ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



# တရုတ်ခရီးသွား ပထမအဖွဲ့ကို ထိုင်းနိုင်ငံ လက်ခံကြိုဆို

**ဘန်ကောက် ဇန်နဝါရီ ၉**

ထိုင်းနိုင်ငံသည် ဇန်နဝါရီ ၈ ရက်တွင် စတင်အသက်ဝင်ခဲ့သော တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ မဟာဗျူဟာကို ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ပြီးနောက် တရုတ်ခရီးသွား ထောင်ပေါင်းများစွာကို မြို့တော်ဘန်ကောက်၌ ကြိုဆိုခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး ချန်ဗီရာကူလ်နှင့် အခြားအကြီးတန်းတာဝန်ရှိသူများနှင့်အတူ သုဝဏ္ဏဘုမ္မိလေဆိပ်၌ တရုတ်နိုင်ငံ ရှားမာန်မြို့မှ ရောက်ရှိလာသော ခရီးသွား ၂၆၉ ဦးကို ကြိုဆိုခဲ့ပြီး ပန်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အခြားသော နိုင်ငံများမှ နိုင်ငံတွင်းသို့ ဝင်ရောက်လာသော ခရီးသွားအရေအတွက် မြင့်တက်လာခြင်းက ထိုင်းနိုင်ငံ၏ ခရီးသွားကဏ္ဍအတွက် အပေါင်းလက္ခဏာဆောင်သည့် သင်္ကေတတစ်ခုဖြစ်ကြောင်း ချန်ဗီရာကူလ်က ပြောသည်။

ထိုင်းအစိုးရသည် ယခုနှစ် ပထမသုံးလအတွင်း နိုင်ငံတွင်းသို့ တရုတ်ခရီးသည် ၃၀၀၀၀၀ ခန့် ဝင်ရောက်ရန် ခန့်မှန်းထားသည်။ ဇန်နဝါရီ ၉ ရက်အထိ ထိုင်းနိုင်ငံသို့ ရောက်ရှိလာသော ခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသော စာရွက်စာတမ်း အထောက်အထားပြသရန် မလိုအပ်သော်လည်း အာရ်တီ - ပီစီအာရ် စမ်းသပ်မှုလိုအပ်သည့် နိုင်ငံများမှလာသော ခရီးသွားများအနေဖြင့် ထိုင်းနိုင်ငံသို့ မဝင်ရောက်မီ ကိုဗစ်-၁၉ အပါအဝင် ကျန်းမာရေး အာမခံစာရွက်စာတမ်းအထောက်အထား ပြသရန် လိုအပ်ကြောင်း ၎င်းက ပြောသည်။

**ဆင်ဟွာ**



ထိုင်းနိုင်ငံ သုဝဏ္ဏဘုမ္မိလေဆိပ်သို့ ရောက်ရှိလာသော တရုတ်ခရီးသွားများအား တွေ့ရစဉ်။

## အင်ဒိုနီးရှား၌ ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်

**ဂျကာတာ ဇန်နဝါရီ ၉**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်တွင် ဇန်နဝါရီ ၉ ရက် ညနေပိုင်းက ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်မှုဖြစ်ပွားကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိဗေဒအေဂျင်စီက ပြောသည်။ အဆိုပါ ငလျင်မှာ ဒေသစံတော်ချိန် ည ၇ နာရီ ၂၆ မိနစ်တွင် ပါစီတန်ခရိုင်၏ အရှေ့တောင်ဘက် ၉၀ ကီလိုမီတာခန့်အကွာ ပင်လယ်ကြမ်းပြင်အောက် အနက် ၁၀ ကီလိုမီတာ၌ ဗဟိုပြု လှုပ်ခတ်ခဲ့ကြောင်း အေဂျင်စီက ပြောသည်။ သို့သော်လည်း ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီ ဖြစ်ပေါ်နိုင်ခြေမရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်အိမ်တက်ဆင်း အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူ

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၃)ရပ်ကွက်အတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပါဝင်သော အိမ်ထောင်စုလူဦးရေစာရင်းမြေပြင်တစ်အိမ်တက်ဆင်းကွင်းဆင်းကောက်ယူရေးအဖွဲ့ (Working Group) များ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် အမှတ်(၁) ရပ်ကွက် ၂၅ လမ်းအတွင်း တစ်အိမ်တက်ဆင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက သွားရောက်ကြည့်ရှုအားပေးကြသည်။(ယာပုံ)



**ပူးပေါင်းပါဝင်**

ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများ အားရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က သတ်မှတ်ထားသော အချက်အလက်များ ပြည့်စုံမှန်ကန်စေရေး စာရင်းကောက်အဖွဲ့များက စနစ်တကျသေချာစိစစ်ဆောင်ရွက်ကြရန်နှင့် ပြည်သူများကလည်း လုပ်ငန်းဆောင်ရွက်မှုအပေါ် စိတ်ရှည်စွာဖြင့် ပူးပေါင်းပါဝင်ပေးရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

**ကြိုတင်အသိပေး**

အိမ်ထောင်စု လူဦးရေစာရင်းကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် စာရင်းကောက်ယူရေးအဖွဲ့များ လာရောက်မည့် နေ့ရက်များကို ပြည်သူများသိရှိစေရန် ဗီနိုင်းများဖြင့် ကြိုတင်အသိပေးခြင်း၊ အသံချဲ့စက်များဖြင့် ကြိုတင်အသိပေးကြေညာပြီး ကောက်ကွက်တစ်ဖွဲ့လျှင် ငါးဦးနှုန်းဖြင့် စာရင်းကောက်ကွက်(၄)ကွက်ဖွဲ့၍ ကောက်ကွက်တစ်ကွက်လျှင် အိမ်ထောင်စု အစု ၅၀၀ နှုန်းဖြင့် ကောက်ယူသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**(မြန်/ဆက်)**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၉**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့ မွန်းလွဲပိုင်းတွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

**ထောက်ပံ့ပစ္စည်းများ ပေးအပ်**

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ပုဗ္ဗသီရိမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးကို ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအန္တရာယ်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ် ထုံးကြီးကျေးရွာနေ တိုးလင်းကျော်သည် ၎င်းအသုံးပြုသည့် “Toe Lin Kyaw” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နေသူများဖြစ်သည့် ဝင့်ဝါဦး(ခ)ဝင့်ဝါနှင့် စုစုဝါဦး(ခ)စုဝါတို့သည် ၎င်းတို့အသုံးပြုသည့် “Wint War Oo” Facebook အကောင့်၊ “Su War” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၇) ရာခိုင်နှုန်းရှိ

**(၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၅၃,၆၁၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၂၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၃၆၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါနောက်ဆက်တွဲပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို ကာကွယ်နိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့အတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ခံယူကြရန် လိုအပ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၅၀ | ၂၀၂၅ | ၂၁၂၀ | ၂၁၃၅ | ၂၀၃၅ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၁၀၀ | ၂၇၆၀ |
| 95 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၅၅ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၅ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၅ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၅၅ | ၃၃၆၀ |
| HSD (50 ppm) | ၂၃၃၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၄၀ | ၂၃၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၅ | ၂၄၈၀ | ၂၄၇၅ | ၂၃၇၀ | ၂၃၈၅ | ၂၄၁၅ | ၂၄၁၅ | ၂၄၂၀ | ၂၆၃၅ | ၃၃၉၀ |
| HSD (10 ppm) | ၂၃၃၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၄၀ | ၂၃၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၅ | ၂၄၈၀ | ၂၄၇၅ | ၂၃၇၀ | ၂၃၈၅ | ၂၄၁၅ | ၂၄၁၅ | ၂၄၂၀ | ၂၆၃၅ | ၃၃၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၇ | ၁၉၆၈ |
| 95 Ron | ၁၉၅၈ | ၂၀၃၀ |
| HSD (500 ppm) | ၂၁၅၂ | ၂၂၂၅ |
| HSD (50 ppm) | ၂၂၂၆ | ၂၃၀၀ |
| HSD (10 ppm) | ၂၂၂၆ | ၂၃၀၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အပူပိုင်းဂေဟစနစ်၏ နောက်ဆုံးခံစစ်စည်း သို့မဟုတ် မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ်ဖြစ်လာမည့် ပုပ္ပားတောင်ဒေသ



သီဟစည်သူ

> **ပုပ္ပားတောင်ဒေသသည် အဖိုးတန်ဆေးဖက်ဝင်အပင်များ ပေါများစွာ ပေါက်ရောက်သည့် နေရာတစ်ခုဖြစ်သည့်အတွက် ဆေးဖက်ဝင်အပင်မျိုးများကို လေ့လာလိုသူများအနေဖြင့် ပရဆေးပျိုးဥယျာဉ်၊ ပရဆေးစာကြည့်တိုက်နှင့် ပုပ္ပားတောင်ဝန်းကျင်ရှိ သဘာဝအတိုင်း ပေါက်ရောက်နေသည့် ဆေးဖက်ဝင် အပင်မျိုးစိတ်ပေါင်း ၃၆၃ မျိုးကိုလည်း လေ့လာနိုင်**



**မြန်မာနိုင်ငံ** တွင် ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်နိုင်သည့် နေရာကောင်းများစွာရှိသည့်အနက် ထူးခြားသော ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ပုဂံခေတ်ရှေးဟောင်းသံချက်ဖိုများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် အစွယ်နှစ်ထပ်ဆင်၏ ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရသည့် ပုပ္ပားတောင်ဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသားဘူမိဥယျာဉ်အဖြစ် ဘူမိနယ်မြေ ၁၄ ခုဖြင့် ကနဦး သတ်မှတ် တည်ထောင်သွားမည်ဖြစ်ကြောင်း သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

အပူပိုင်းဒေသ၏ ဂေဟစနစ်ကို ထိန်းသိမ်းရန်၊ ကြက်မောက်တောင်ဆည် ရေရှည်တည်တံ့ အသုံးပြုနိုင်ရန်၊ ပရဆေးနှင့်သစ်ခွမျိုးစိတ်များ ရေရှည်တည်တံ့စေရန်၊ ရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဘာဝစိမ့်စမ်းရေထွက်များကို ထိန်းသိမ်းရန်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ၁၉၀၂ ခုနှစ်တွင် သစ်တော ကြိုးဝိုင်း ဧရိယာ ၂၉၅၆ ဧကကို ပုပ္ပားသစ်တောကြိုးဝိုင်းအဖြစ် လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ပုပ္ပားတောင်သစ်တောကြိုးဝိုင်းနှင့်အတူ ကြက်မောက်တောင်သစ်တောကြိုးဝိုင်းတို့ကို စုစည်း၍ ပုပ္ပါးတောင်ဘေးမဲ့တောဥယျာဉ်အဖြစ်လည်းကောင်း ဖွဲ့စည်းသတ်မှတ်ခဲ့သည်။ ယင်းနောက် သစ်ကြိုးဝိုင်း ဧရိယာ ၃၁၇၆၃ ဧကနှင့် ကြိုးပြင်ကာကွယ်တော ၁၁၅၇၆ ဒသမ ၉၈ ဧက အပါအဝင် စုစုပေါင်းဧရိယာ ၄၃၃၃၉ ဒသမ ၉၈ ဧကကျယ်ဝန်းသည့် သဘာဝထိန်းသိမ်းရေးဘေးမဲ့တောဥယျာဉ်အဖြစ် အများပြည်သူလေ့လာနိုင်ရန် ၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ပေးခဲ့သည်။

## ထူးခြားသည့် ဘူမိသွင်ပြင်များ

ပုပ္ပားတောင်သည် လွန်ခဲ့သည့် ဘီစီ ၄၄၂ ခန့်က ပေါက်ကွဲခဲ့သည့် မီးတောင်ဟောင်း တစ်ခုဖြစ်ပြီး တောင်ကြော၊ လျှိုမြောင်၊ ချိုင့်ဝှမ်းပေါများကာ မြန်မာနိုင်ငံ၏တစ်ခုတည်းသော မီးတောင်သေ တစ်ခုလည်းဖြစ်သည်။ ပုပ္ပားတောင်ဝန်းကျင်တစ်ဝိုက်သည် ထူးခြားသည့် ဘူမိသွင်ပြင်များ တည်ရှိခြင်းကြောင့် ဘူမိဗေဒဆိုင်ရာလေ့လာမှုများကို ပြုလုပ်နိုင်သည်။ ပုပ္ပားတောင်၏ မီးတောင်ချိုင့်ဝှမ်းအနက်မှာ ၁၉၆၈ ပေရှိပြီး တောင်မကြီး၏ အောက်ခြေအကျယ်အဝန်းမှာ ၂၅ စတုရန်းမိုင် ကျယ်ဝန်းသည်။

အဆိုပါ ပုပ္ပားတောင်ဥယျာဉ်ကို အပူပိုင်းဒေသဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့်အပြင် သဘာဝအခြေခံခရီးသွားလုပ်ငန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ ပုပ္ပားတောင်မကြီးကို ပတ်၍ဖောက်လုပ်ထားသော ၁၉ မိုင်၊ နှစ်ဖာလုံအရှည်ရှိသည့် တောင်ပတ်လမ်းတစ်လျှောက် တောတွင်းအပန်းဖြေလမ်းလျှောက်ရင်းဖြင့် တောတောင်၊ ရေမြေ၊ သဘာဝရှုခင်း အလှအပများကို ခံစားနိုင်သည်။ ထို့အတူ ပုပ္ပားတောင်၏ အမြင့်ဆုံးတောင်ထွတ်ဖြစ်သော အမြင့်ပေ ၄၉၈၁ ပေရှိ မုန်ပြတောင်၊ အမြင့် ပေ ၄၈၀၁ ရှိ စပါးပုံတောင်နှင့် အမြင့်ပေ ၄၅၀၁ ပေရှိ ဆေးမွှန်တောင်တို့အား တောင်တက်ခရီးသွားရောက်ခြင်းနှင့် တောတွင်းစခန်းချအပန်းဖြေခြင်းများလည်း ပြုလုပ်နိုင်မည်ဖြစ်သည်။

## သစ်တောအမျိုးအစားများ

တောအမျိုးအစား ခြောက်မျိုးရှိပြီး တောင်မကြီးပတ်လည်အောက်ခြေပိုင်းတွင် အထက်ရွက်ပြတ်ရောနှောတောခြောက်၊ အင်တိုင်းတော၊ တောခြောက်တို့ကို တွေ့ရှိနိုင်ပြီး မီးတောင်ချိုင့်ဝှမ်းအတွင်းတောင်ပေါ်အမြဲစိမ်းတောကို တွေ့ရှိနိုင်သည်။ အမြင့်ပေ ၄၀၀၀ အထက်ပိုင်းတွင် မြက်ခင်းတောများနှင့် ထင်းရှူးစိုက်ခင်းတို့ကို လေ့လာနိုင်သည်။

ပုပ္ပားတောင် သဘာဝထိန်းသိမ်းရေးနယ်မြေတွင် သဘာဝပေါက်ပင်များဖြစ်ကြသည့် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ယာ၊ အင်ကြင်းစသည့် သစ်ပင်မျိုးစိတ် ၃၀၀ ခန့်၊ သစ်ခွ ၈၆ မျိုး၊ ဝါးမျိုး ၁၀ မျိုးနှင့် ရာသီအလိုက်ဖူးပွင့်သည့် တောပန်းမျိုးစုံကိုလည်း လေ့လာနိုင်သည်။

## အဖိုးတန်ပရဆေးပင်များ

ပုပ္ပားတောင်ဒေသသည် အဖိုးတန်ဆေးဖက်ဝင်အပင်များ ပေါများစွာပေါက်ရောက်သည့် နေရာတစ်ခုဖြစ်သည့်အတွက် ဆေးဖက်ဝင်အပင်မျိုးများကို လေ့လာလိုသူများအနေဖြင့် ပရဆေးပျိုးဥယျာဉ်၊ ပရဆေးစာကြည့်တိုက်နှင့် ပုပ္ပားတောင်ဝန်းကျင်ရှိ သဘာဝအတိုင်း ပေါက်ရောက်နေသည့် ဆေးဖက်ဝင် အပင်မျိုးစိတ်ပေါင်း ၃၆၃ မျိုးကိုလည်း လေ့လာနိုင်သည်။

## တောရိုင်းတိရစ္ဆာန်များ

ထို့အတူ ဘေးမဲ့တောအတွင်းရှိ သမင်၊ ဂျီ၊ တောဝက်၊ ခွေးအ၊ မျောက်မျက်ကွင်းဖြူ၊ မျောက်ညို၊ မျောက်စပ်၊ တောကြောင်၊ ယုန်၊ လင်းနို့၊ သစ်ခွေ့နှင့် ရှဉ့်မျိုးများ စသည့်နို့တိုက်သတ္တဝါ ၁၀ မျိုးခန့်၊ မြန်မာ့ဒေသမျိုးရင်း ငှက်မျိုးစိတ်များဖြစ်သော ခွေ့၊ နဖားကြိုးမြီးဝိုင်း၊ မြန်မာဘီလုံး စသည့် ငှက်မျိုးစိတ်သုံးမျိုးအပါအဝင် စွန်၊ သိမ်းကျား၊ ချိုးသိမ်း၊ ချိုးစိမ်း၊ ချိုးပိန်တူး၊ တောင်ပီစူး၊ ငှက်တော် စသည့်ငှက်မျိုးစိတ် ၁၈၅မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ၃၀ နှင့် လိပ်ပြာမျိုးစိတ် ၁၁၂ မျိုးတို့ကိုလေ့လာနိုင်သည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ပုပ္ပားတောင်ဥယျာဉ်နှင့် အလောင်းတော်ကဿပအမျိုးသားဥယျာဉ် ဒေသတို့၌သာ တွေ့ရှိရသည့် ကမ္ဘာ့ရှားပါးမျိုးစိတ် ပုပ္ပားမျောက်မြီးရှည်များကိုလည်း လေ့လာနိုင်မည် ဖြစ်သည်။

## ဂေဟစနစ်ဝန်ဆောင်မှုများ

ပုပ္ပားတောင်၏ သစ်တောများကို ထိန်းသိမ်းထားမှုကြောင့် ထွက်ရှိသောရေထွက်ပေါင်း ၁၁၃ခု ရှိခဲ့ပြီး တစ်နှစ်ပတ်လုံးထွက်ရှိသော ရေထွက်များမှာ ၃၆ ခုရှိသည်။ အဆိုပါ ရေထွက်များမှ နေ့စဉ်ထွက်ရှိလာသည့် ရေဂါလန် ၁၂ သိန်းခန့်ကို ကျောက်ပန်းတောင်းမြို့တစ်မြို့လုံးသို့ ရေပေးဝေလျက်ရှိရာ ဂေဟစနစ်များမှ ရရှိလာသည့် အကျိုးကျေးဇူးကို ဒေသခံများ တိုက်ရိုက်ခံစားနေရခြင်းပင်ဖြစ်သည်။ ထို့ပြင် ပုပ္ပားတောင်မှ ထွက်ရှိသည့် ရေထွက်များမှ စီးဝင်နေသည့် ချောင်းမကြီးချောင်း၊ ကျောက်ပုံချောင်းနှင့် တောင်ဇင်းချောင်းများကို ပိတ်၍ ကြက်မောက်တောင်ဆည်ကို တည်ထောင်ထားခြင်းလည်း ဖြစ်သည်။ အဆိုပါ ကြက်မောက်တောင်ဆည်၏ ရေပြည့်ရေလှောင် ပမာဏမှာ ဧက ၇၃၁၀၀ ရှိကာ အနီးပတ်ဝန်းကျင်ရှိ ဆည်ရေသောက်ဧရိယာ ဧကသုံးသောင်းခန့်နှင့် သီးနှံစိုက် ဧက ၅၀၀၀၀ နီးပါးကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ထို့အတူ ပုပ္ပားတောင်ဥယျာဉ် ပတ်ဝန်းကျင်ရှိ ကျေးရွာများ ဒေသခံများအနေဖြင့် ငှက်ပျောသီးကြော်၊ ကတွတ်ယို စသည့်တန်ဖိုးမြှင့်ထုတ်ကုန်များ၊ စကားဝါပန်းများ၊ ပရဆေးမြစ်စုံများ၊ ဒေသထွက်သီးနှံများကို လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွားများနှင့် မြန်မာပြည်အနှံ့အပြားမှ လာရောက်ကြသော ဘုရားဖူးဧည့်သည်များသို့ ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိသည်။

ထို့ကြောင့် ဒေသခံများအတွက် ဂေဟစနစ်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးရုံသာမက အပူပိုင်းဒေသ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ မှီခိုရာ မြန်မာနိုင်ငံ၏ "အပူပိုင်းဒေသ ဂေဟစနစ်၏ နောက်ဆုံးခံစစ်စည်း" ဖြစ်သည့် "ပုပ္ပားတောင်ဒေသ" ကို မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ်ကြီး အဖြစ်မှ တစ်ဆင့် ယူနက်စကိုစာရင်းဝင် ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ်သို့ သတ်မှတ်ခံရရေးအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။



**ကိုးကား –**

(၁) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန

(၂) သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ပုပ္ပားတောင်ဥယျာဉ်

# ရေဝပ်ဒေသဂေဟာစနစ် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် လူသားတို့ကို အကျိုးပြုရုံမက သဘာဝဘေးမှလည်းကာကွယ်နိုင်




မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း လာရောက်ဆောင်းခိုကျက်စားနေသောငှက်များကို တွေ့ရစဉ်။

**ရေဝပ်ဒေသဂေဟာစနစ်သည် လူသားများနှင့် ဇီဝမျိုးစုံမျိုးကွဲများအတွက် အဓိကအရေးပါသည်။ သဘာဝဘေးအန္တရာယ်၊ ရေကြီးရေလျှံမှုများနှင့် အစားအစာနှင့် ရေချိုထောက်ပံ့ပေးသောစနစ်ဖြစ်၍ မရှိမဖြစ် ဂရုပြုကြရမည့် အကြောင်းကိစ္စတစ်ရပ်ပင် ဖြစ်ချေသည်။**

မြန်မာနိုင်ငံ၏ ပထဝီအနေအထားကို ရှုကြည့်ဆင်ခြင်လိုက်ပါက တောင်တန်းဒေသတစ်လွှား ရေဝပ်ဒေသ၊ ရေချိုအင်းအိုင်ကန်များ၊ ဒီရေတော၊ လတာပြင်နှင့် သန္တာကျောက်တန်းကဲ့သို့သော ပင်လယ်ကမ်းရိုးတန်းဒေသအဖုံဖုံတို့ဖြင့် အမယ်စုံတည်ရှိနေသည်။

**ရမ်ဆာရေဝပ်ဒေသများ**

နိုင်ငံတစ်ဝန်း ရမ်ဆာရေဝပ်ဒေသများအဖြစ် ဧရိယာစုစုပေါင်း ၂၇၈၆၇၉ ဟက်တာကို သတ်မှတ်ထားရာ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ ပါဝင်ကြသည်။

ထို့မျှသာမက အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝတို့တွင် ရေဝပ်ဒေသများ ဖြစ်တည်လျက်ရှိရာ မုတ္တမပင်လယ်ကွေ့သည်လည်း အထင်ကရ ပါဝင်ကြောင်း သိမှတ်ရသည်။

**အချိန်နှင့်အမျှ ပြောင်းလဲနေ**

စစ်တောင်းမြစ်၊ သံလွင်မြစ်နှင့် ရန်ကုန်မြစ်တို့ ဆုံဆည်းရာ မုတ္တမပင်လယ်ကွေ့ ဒေသသည် ရေတက်ရေကျမြန်ဆန်လှသည်။ တစ်နည်းဆိုရပါသော် အချိန်နှင့်အမျှ ပြောင်းလဲနေသော ရေချို၊ ရေငန်စပ် ဒေသတစ်ခုပင် ဖြစ်ပေသည်။

ပင်လယ်ဒီရေကျဆင်းသွားချိန်တွင် ကျယ်ပြောလှသော ရွှံ့နွံလတာပြင်များ ဖြစ်တည်နေပေရာ ကမ္ဘာတစ်လွှား ထင်ရှားသောလတာပြင်များအနက် တစ်ခုအပါအဝင်လည်း ဖြစ်သည်။

မုတ္တမပင်လယ်ကွေ့၏ တည်ရှိရာရပ်ဝန်းကို ခြုံငုံစေ့ငုလိုက်ပါက ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ ပင်လယ်ကမ်းရိုးတန်းဧရိယာ ဟက်တာ ၄၅၂၀၀ ရှိရာ ကနဦး ရေဝပ်ဒေသအဖြစ် ၂၀၁၇ ခုနှစ် မေ ၁၀ ရက်တွင် သတ်မှတ်ခဲ့သည်။

**တိုးချဲ့ဧရိယာအဖြစ် ထပ်မံသတ်မှတ်**

၂၀၂၀ ပြည့်နှစ်တွင်မူ သထုံ၊ ပေါင်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကဝနှင့် သနပ်ပင်မြို့နယ်အပါအဝင် ဧရိယာဟက်တာ ၁၆၁၀၃၀ ကို တိုးချဲ့ဧရိယာအဖြစ် ထပ်မံသတ်မှတ်ခဲ့သည်။

ကမ္ဘာတစ်ဝန်း ရွှံ့နွံလတာပြင်ဒေသ၏ ထူးခြားချက်ဂုဏ်ဒြပ်မှာ နေထိုင်ကျက်စားကြသော ကျောရိုးမဲ့သတ္တဝါများ(Zoo Benthos)နှင့် အပင်မျောလေးများ(Phytoplankton) ပေါကြွယ်လှသော နေရာအဖြစ်လည်း သိမှတ်ရသည်။

* ❋ နိုင်ငံတစ်ဝန်း ရမ်ဆာရေဝပ်ဒေသများအဖြစ် ဧရိယာစုစုပေါင်း ၂၇၈၆၇၉ ဟက်တာကို သတ်မှတ်ထားရာ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ ပါဝင်ကြ
* ❋ ကမ္ဘာတစ်ဝန်း ရွှံ့နွံလတာပြင်ဒေသ၏ ထူးခြားချက်ဂုဏ်ဒြပ်မှာ နေထိုင်ကျက်စားကြသော ကျောရိုးမဲ့သတ္တဝါများ(Zoo Benthos)နှင့် အပင်မျောလေးများ(Phytoplankton) ပေါကြွယ်လှသော နေရာအဖြစ်လည်း သိမှတ်ရ

**ဆောင်းခိုရေပျော်ငှက်များ မြူးထူးပျော်စံ**

ထို့အပြင် ငါးမျိုးစိတ်များ ရှင်သန်ပေါက်ပွားရေးနှင့် ကမ္ဘာ့မြောက်ဝင်းရိုးစွန်းမှ ဆောင်းခိုရေပျော်ငှက်များ လာရောက်မြူးထူးပျော်စံကြရာ အရေးပါသောဒေသကြီးပင် ဖြစ်သည်။

နှစ်စဉ် အောက်တိုဘာလမှအစပြုကာ ဧပြီလအတွင်း မျိုးသုဉ်းလုနီးအန္တရာယ်ရှိသော မျိုးစိတ်ဖြစ်သည့် ရေညှောင့်နှုတ်ဝိုင်းငှက်နှင့် အခြားမျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော ငှက်မျိုးစိတ်အပါအဝင်ကောင်ရေ ၁၅၀၀၀၀ မှ ၂၀၀၀၀၀ ခန့်အထိ လာရောက်ဆောင်းခိုကြလေ့ရှိသော ဒေသဖြစ်သည်။

**ဦးတည်ကြိုးပမ်း**

မြန်မာနိုင်ငံသည် ရေဝပ်ဒေသများ ထိန်းသိမ်းရေးဆိုင်ရာ ရမ်ဆာကွန်ဗေးရှင်း (Ramsar Convention)သို့ ၂၀၀၅ ခုနှစ်က အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ရေဝပ်ဒေသထိန်းသိမ်းရေး လုပ်ငန်းများကို ဒေသအဆင့်၊ နိုင်ငံအဆင့် ပိုမိုထိန်းသိမ်းဆောင်ရွက်နိုင်ရန် ဦးတည်ကြိုးပမ်းခဲ့သည်။

မုတ္တမပင်လယ်ကွေ့ဒေသသည် မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်ဖြစ်သည့် ရေညှောင့်နှုတ်ဝိုင်းငှက် အကောင်ရေ ၂၀၀ မှ ၂၅၀ ခန့် နှစ်စဉ် လာရောက်ဆောင်းခိုကြကြောင်း သိမှတ်ရသည်။

**မဖြစ်မနေထိန်းသိမ်းကာကွယ်ရမည့် ရပ်ဝန်းတစ်ခုဖြစ်**


ရောဝတီလင်းပိုင်များ ကျက်စားရာ နေရာလည်းဖြစ်သလို မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင် ကြုံတွေ့နေရသော နေ့ငှက်၊ ခြေစိမ်းပြောက်၊ နှုတ်သီးကောက်ကြီး၊ နေ့ခ္ခီ၊ ငှက်ကျား၊ ခရုစုပ် ခေါင်းမည်းများ ရေရှည်ကျက်စားနိုင်ရန် မဖြစ်မနေ ထိန်းသိမ်းကာကွယ်ရမည့်ရပ်ဝန်းတစ်ခုလည်း ဖြစ်သည်။

ခြုံငုံဖော်ပြပါရလျှင် မြန်မာနိုင်ငံတွင် တည်ရှိသော မုတ္တမပင်လယ်ကွေ့ဒေသ ဂေဟာစနစ် ရေရှည်တည်တံ့နိုင်ရေး၊ ရှားပါးမျိုးစိတ်များ ရှင်သန်နိုင်ရေးအထောက်အပံ့ပြုလျက်ရှိသော ဒေသထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သမှု ပြုကြရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်အတူ ဒေသခံပြည်သူများ၏ ပူးပေါင်းမှုကို မလွဲမသွေ လိုအပ်လျက်ရှိကြောင်း စေ့ငုတင်ပြ နှီးဆော်တိုက်တွန်းလိုက်ရပါသည်။ ။









# ရွှေဘိုပေါ်ဆန်း ယခင်နှစ်ကထက် ဈေးကောင်းရ

မြန်မာပြည်အထက်ပိုင်း၏ ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုပေါ်ဆန်းကို နှစ်စဉ်စိုက်ဧက သုံးသိန်းမှ လေးသိန်းကြားစိုက်ပျိုးလျက်ရှိကြောင်း၊ ရွှေဘိုခရိုင်၊ ရေဦးခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်း ဇယားများအရ သိရသည်။ ယခုနှစ်တွင် ရွှေဘိုပေါ်ဆန်းစိုက်ဧက ၃ ဒသမ ၅ သိန်းကျော် စိုက်ပျိုးကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင်ပျမ်းမျှ ၈၂ တင်းကျော် ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည့်အတွက် စုစုပေါင်းအထွက်နှုန်း တင်းပေါင်း သိန်း ၃၀၀ ခန့်ထွက်ရှိနိုင်ကြောင်းသိရသည်။ ယခုနှစ်တွင် ဆည်ရေလုံလောက်စွာရရှိခဲ့ခြင်း၊ ရာသီဥတုကောင်းမွန်ခြင်း၊ ဖျက်ပိုးကျရောက်မှု မရှိသလောက် နည်းပါးခြင်းတို့ကြောင့် စပါးအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

ယခုနှစ်တွင် ရွှေဘိုပေါ်ဆန်းစပါးကို ဒီဇင်ဘာလဒုတိယပတ်မှစတင်၍ စပါးသစ်များ ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာလကုန်တွင် ၅၀ ရာခိုင်နှုန်းခန့် ရိတ်သိမ်းပြီးစီးကြောင်း၊ ဇန်နဝါရီလကုန်တွင် ရာနှုန်းပြည့်ခန့် ရိတ်သိမ်းပြီးစီးနိုင်ကြောင်း သိရသည်။ စပါးသစ်ဈေးနှုန်းအနေဖြင့် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၅ သိန်းမှ ငွေကျပ် ၁၆ သိန်းနှုန်းဖြင့် လက်ရှိ၌ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရွှေဘိုပေါ်ဆန်း ဆန်သစ်ဈေးနှုန်းမှာ ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ မှ ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ ယခင်နှစ်ရွှေဘိုပေါ်ဆန်း ပေါ်ဦးပေါ်ဖျားဈေးနှုန်းမှာ စပါးတင်း (၁၀၀) လျှင် ၁၁ သိန်းကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခုနှစ်၌ ရွှေဘိုပေါ်ဆန်းစပါးသည် ပေါ်ဦးပေါ်ဖျားကာလ၌ပင် ဈေးကောင်းရနေကြောင်း သိရသည်။

လက်ရှိတွင် ရွှေဘိုပေါ်ဆန်းဆန်သစ်များ ထွက်ပေါ်လာသော်လည်း ပေါ်ဆန်းစပါးဟောင်းများမှာ ဈေးကွက်တွင် အရောင်းသွက်လျက်ရှိနေဆဲဖြစ်ရာ စပါးဟောင်းတင်း (၁၀၀)လျှင် ငွေကျပ် ၂၆ သိန်းနှင့် ဆန်ဟောင်း ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၈၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။

# ကယားတောင်ကုန်းမြင့် ကော်ဖီ ပြည်ပဈေးကွက်အထိ တင်ပို့နေပြီ

ကယားပြည်နယ်တွင် စပါးနှင့်ပြောင်းကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး အချို့ဒေသများတွင် ရွှေ့ပြောင်းတောင်ယာမှ နှစ်ရှည်သီးနှံပြောင်းလဲ၍ ကော်ဖီသီးနှံကို နှစ်ရှည်သီးနှံအဖြစ် စိုက်ပျိုးလာရာ ၂၀၂၁-၂၀၂၂ ခုနှစ် ကော်ဖီစိုက်ဧက ၇၀၉ ဧက၊ ရိတ်ဧက ၂၀၈ ဧကနှင့် တစ်ဧက ၁၄၆ ပိဿာခန့် စုစုပေါင်းအထွက်နှုန်းမှာ ၃၀၄၈၃ ပိဿာထွက်ရှိကြောင်း သိရသည်။ ကော်ဖီကို ဒီးမော့ဆို၊ ဒေါဘျာကူဒေသနှင့် ဖရူဆို၊ ဟိုယာ/ဘီယာဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး နည်းပညာအနေဖြင့် ဂျပန် (စိုက်၊ ခူး၊ သန့်စင်) နည်းဖြင့် စိုက်ပျိုး၍ ပြည်တွင်းဈေးကွက်အနေဖြင့် ရန်ကုန်မြို့သို့တင်ပို့ကာ ပြည်ပဈေးကွက်အနေဖြင့် စင်ကာပူ၊ ဂျပန်နိုင်ငံများသို့ တစ်နိုင်တစ်ပိုင် တင်ပို့လျက်ရှိသည်။ ကယားတောင်ကုန်းမြင့်ဒေသမှာ အာရေဗီကာနှင့် ကယားလီကော်ဖီ အမျိုးအစားများ ထုတ်လုပ်ပြီး ကော်ဖီမှုန့် ၁၀၀ ဂရမ် တစ်ထုပ်လျှင် ငွေကျပ် ၂၅၀၀၊ ၂၀၀ ဂရမ် တစ်ထုပ်လျှင် ငွေကျပ် ၄၅၀၀ ဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **DOCA (ကယား)**

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ပစ္စည်းတင်ပို့မှုအားကောင်း



ကော့သောင်း ကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသောပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်တို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၈ ရက်အထိ ပို့ကုန်တန်ချိန် ၂၄၂၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၃၇ သန်း၊ သွင်းကုန်တန်ချိန် ၂၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၁၄ သန်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၅၁ သန်း ကုန်သွယ် ဆောင်ရွက်နိုင်ခဲ့သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ လေသန့်ဆေးရည်၊ ဖော်မလင်၊ ဆိုးဆေးရည်၊ ကော်ပိုက်လုံးဖြစ်ကြောင်း သိရှိရသည်။

ဇန်နဝါရီ ၉ ရက်က ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၂၀၅၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၃ ကျပ်ခန့်ဖြစ်ကြောင်း သိရသည်။

# မုံရွာမြို့နယ်၌ ဆီးပန်းသီးများ အထွက်ကောင်း၍ တွက်ခြေကိုက်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ သက္ကယ်ချင်း၊ လယ်ဇင်၊ ပုလ္လင်၊ ဇီးကျွန်းနှင့် မအူကျေးရွာများ၌ ဆီးပန်းသီးပင်များ အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။ တစ်ဧကလျှင် ၁၅ ပေ ပတ်လည် အကျယ်ဖြင့် အပင် ၁၀၀ ခန့် စိုက်ပျိုးနိုင်ပြီး ဇွန်၊ ဇူလိုင်လမှစတင်၍ ဆီးပန်းသီး ကိုင်းကူးပျိုးပင်တစ်ပင်လျှင် ငွေကျပ် ၃၅၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးကာ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ သုံးလတွင် ဆီးပန်းသီးပင်များ ခူးဆွတ်ရောင်းချရကြောင်း သိရသည်။ ဆီးပန်းသီး တစ်ဧကအတွက် တစ်နေ့လျှင် ဆီးပန်းသီး ပြည် ၆၀ ကျော် (လေးတင်းခန့်) ခူးဆွတ်ရရှိကြောင်းနှင့် ဆီးပန်းသီးတစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းနှင့် လက်ရွေးတစ်ဖာလျှင် ငွေကျပ် ၁၃၀၀၀ နှုန်းဖြင့် မုံရွာ-မန္တလေး ကားလမ်းမကြီးပေါ်တွင် ဆိုင်များဖွင့်လှစ်ရောင်းချခြင်းနှင့် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ပျိုးပင်၊ ထွန်ယက်ခ၊ မြေပြုပြင်ခြင်း၊ မြေဩဇာနှင့် လုပ်အားခအပါအဝင် စုစုပေါင်း ငွေကျပ် ၁၁ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ဆီးပန်းသီးထွက်ရှိနှုန်း ပြည် ၂၀၀၀ ကျော်ခန့် ထွက်ရှိရာ ဝင်ငွေအနေဖြင့် ငွေကျပ်သိန်း၂၀ခန့် ရရှိကြောင်း၊ တစ်ဧက အကျိုးအမြတ်အနေဖြင့် ငွေကျပ်ကိုးသိန်းခန့်ရရှိကာ တွက်ခြေကိုက်၍ အဆင်ပြေနေကြကြောင်း သတင်းရရှိသည်။

**DOCA(စစ်ကိုင်း)**

# ဈေးနှုန်းငြိမ်နေသော မတ်ပဲ

ရောဝတီတိုင်းဒေသကြီးအတွင်း မတ်ပဲဈေးနှုန်းသည် မတ်ပဲသစ်စပေါ်ချိန်တွင် တစ်တင်း ဈေးနှုန်းငွေကျပ် ၆၀၀၀၀ ရရှိခဲ့သော်လည်း နောက်ပိုင်း၌ ဈေးကျဆင်းလာကြောင်း တွေ့ရှိရသည်။ အဓိကဝယ်လက်ဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ပဲတင်သွင်းမည့်လုပ်ငန်းရှင်များအား တင်ဒါခေါ်ယူမည့်အချိန်ကို ဒီဇင်ဘာလတတိယပတ်၌ စီစဉ်ထားပြီး ယခုအခါ ရက်ရွှေ့ဆိုင်းလိုက်သောကြောင့် မြန်မာမတ်ပဲဈေးနှုန်း အေးသွားခြင်းဖြစ်ကြောင်း မတ်ပဲရောင်းဝယ်သူ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထို့ပြင် မြန်မာမတ်ပဲနှင့် ပဲစင်းငုံတင်သွင်းခွင့်ကာလကိုလည်း ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အထိ တိုးမြှင့်ပေးလိုက်သည့်အတွက်ကြောင့် မြန်မာမတ်ပဲကုန်သည်များက အချိန်ပိုမိုရရှိသွားပြီး လတ်တလောတွင် မတ်ပဲကို အနိမ့်ဈေးဖြင့် ရောင်းလိုကြမည်မဟုတ်ကြောင်း Agri World Mumbai မှ သိရသည်။

လက်ရှိဈေးနှုန်းနှင့် လက်ရှိအခြေအနေ၌ နေ့စဉ်အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်းသိရပြီး ဝယ်လက်နိုင်ငံ၏ ပဲလိုအပ်ချက်အရ ရေရှည်တွင် မတ်ပဲဈေးနှုန်း ပြန်ကောင်းလာနိုင်သော်လည်း အလွန်အမင်း ဈေးကောင်းရရှိနိုင်မည့် အလားအလာဖြစ်လာနိုင်မည် မဟုတ်ကြောင်း သတင်းရရှိသည်။

**(ရောကုန်သွယ်မှုဗဟိုဌာန)**

# အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လျှောက်လွှာလက်ခံခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်လှစ်

မူပိုင်ခွင့်ဦးစီးဌာန၏ လျှောက်လွှာလက်ခံဌာနတွင် တာဝန်ပေးအပ်ရန် လျာထားသည့် ဝန်ထမ်းများအတွက် အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ လျှောက်လွှာလက်ခံခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက်က နေပြည်တော် ရုံးအမှတ်(၅၂) ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါသင်တန်းကို အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စများ ဆောင်ရွက်ရာတွင် လျှောက်လွှာများလက်ခံခြင်း၊ သတ်မှတ်နှုန်းထားအတိုင်း အခကြေးငွေများလက်ခံခြင်း၊ လျှောက်လွှာများတွင် ပါဝင်သော အချက်အလက်များကို အဆင့်ဆင့်စစ်ဆေးခြင်းနှင့် စာရင်းသွင်းခြင်း စသည့်လုပ်ငန်းစဉ်များအား ကျွမ်းကျင်စွာဖြင့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး၊ သင်တန်းတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာများနှင့် အိုင်တီစနစ်အသုံးပြု၍ လျှောက်လွှာလက်ခံသည့်စနစ်များကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ (ရုံးပိတ်ရက်မပါ) ငါးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး စုစုပေါင်း သင်တန်းသားဦးရေ ၃၀ တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ပဲစင်းငုံအထွက်နှုန်း ကျသော်လည်း ဈေးကောင်းရနေ

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ်စိုက် ပဲစင်းငုံများ ဒီဇင်ဘာလပထမပတ်မှစ၍ ရိတ်သိမ်းထွက်ပေါ်နေပြီဖြစ်ကြောင်း၊ ငါန်းဇွန်မြို့နယ်တွင် ပဲစင်းငုံသီးနှံစိုက်ပျိုးရန် ၂၈၂၉၄ ဧက လျာထားခဲ့ပြီး ၃၀၉၅၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ပဲစင်းငုံသီးနှံကို နှစ်စဉ်မေလတွင် စတင်စိုက်ပျိုးကြပြီး စိုက်ပျိုးသည့်မျိုးများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ရွှေဒင်္ဂါးမျိုးကို အများဆုံးစိုက်ပျိုးကြသည့်အပြင် အခြားမျိုးများ ဖြစ်သည့် ငါးဆံပဲ၊ ရွှေတဆုပ် စသည့် မျိုးများကိုလည်း အနည်းငယ် စိုက်ပျိုးကြကြောင်း သိရသည်။

ငါန်းဇွန်မြို့နယ် သရက္ကန်အုပ်စု၊ အောင်ချမ်းသာကျေးရွာရှိ တောင်သူများမှာ ရွှေတဆုပ်မျိုး၊ ဂွတစ်ရာမျိုးများကို စိုက်ပျိုးကြပြီး၊ ယခုနှစ်တွင် မိုးရွာသွန်းမှု နည်းပါးခဲ့ပြီး အစိုဓာတ်လိုအပ်ချိန်တွင် နှင်းကျရောက်မှုလည်း နည်းသည့်အတွက် ယခင်နှင့်နှိုင်းယှဉ်ပါက အထွက်နှုန်း နည်းနေကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ခုနစ်တင်းခန့် ထွက်ရှိခဲ့၍ အဖွင့်ဈေး ငွေကျပ် ၅၅၀၀၀ ခန့်ဖြင့် စတင်ခဲ့ပြီး ငွေကျပ် ၆၀၀၀၀ ခန့်အထိ ဈေးနှုန်းများ မြင့်တက်ခဲ့ကာ အပိတ်ဈေးမှာ ငွေကျပ် (၄၅၀၀၀၊ ၄၈၀၀၀) ဝန်းကျင်သာ ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် တစ်ဧကအထွက်နှုန်းမှာ လေးတင်းခန့်သာထွက်ရှိခဲ့၍ အဖွင့်ဈေးအနေဖြင့် ငွေကျပ် ၇၀၀၀၀ ခန့်ဖြင့် စတင်ခဲ့ပြီး ဒီဇင်ဘာလစတုတ္ထပတ်တွင် ငွေကျပ် ၅၃၅၀၀၀ ခန့် ရှိကြောင်း သိရသည်။

တင်ပို့ ရောင်းချမှုအနေဖြင့် မန္တလေး၊ မြင်းခြံ၊ ကျောက်ဆည် စသည့် မြို့ကြီးများသို့ တင်ပို့ရောင်းချကြပြီး တချို့တောင်သူများမှာလည်း ကျေးရွာထွက်ကားများဖြင့် ကိုယ်တိုင်ဈေးရောင်းဈေးဝယ်ပြုရင်း သွားရောက်ရောင်းချကြကြောင်း သတင်းရရှိသည်။

**DOCA(မန္တလေး)**

# မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး

လန်ချန်းမြစ်(ခေါ်)မဲခေါင်မြစ်သည် တရုတ်နိုင်ငံမှ စတင်မြစ်ဖျားခံလာကာ အရှေ့တောင်အာရှ ငါးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ကမ္ဘာပေါ်တွင် ၁၂ ခုမြောက် အရှည်လျားဆုံးမြစ်ကြီးဖြစ်သည်။ မဲခေါင်မြစ်သည်မိုင် ၂၇၀၀ ကျော် ရှည်လျားပြီး အာရှတိုက်တွင်လည်း တတိယမြောက်အရှည်လျားဆုံးဖြစ်သည်။ စတင်မြစ်ဖျားခံရာ တရုတ်နိုင်ငံတွင် လန်ချန်းဟုခေါ်တွင်ပြီး ဖြတ်သန်းစီးဆင်းရာ နိုင်ငံများတစ်လျှောက်တွင် မဲခေါင်ဟု အမည်သညာတွင်သောကြောင့် အမည်နှစ်မျိုးနှင့်မြစ်တစ်စင်း ဖြစ်ပေသည်။

ညိုညိုဝင်း(ကျေးလက်ဦးစီး)

**❑ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပထမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျင်းဟုန်မြို့၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမွန်ဒိုင်းတို့က ပူးတွဲသဘာပတိများအဖြစ် ဦးဆောင်ကျင်းပခဲ့ပြီး မြန်မာအပါအဝင် မဲခေါင်နိုင်ငံများအားလုံးမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးမှ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို မဏ္ဍိုင်သုံးခုဖြင့် ဖွဲ့သွားရန် သဘောတူညီခဲ့ပါသည်**

### ကျင်းဟုန်မြို့၌ စတင်ခဲ့သော သမိုင်းနောက်ခံ

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျင်းဟုန်မြို့၌ ပထမအကြိမ် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆန်းယမြို့၌ ပထမအကြိမ် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအဆင့် အစည်းအဝေးကို “Shared River, Shared Future” အမည်ဖြင့် ကျင်းပကာ တရားဝင်စတင်ထူထောင်ခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ပါသည်။

### ရည်ရွယ်ပူးပေါင်းဆောင်ရွက်

မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်– လန်ချန်း မြစ်ဝှမ်းတစ်လျှောက် နိုင်ငံများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း၊ နိုင်ငံအသီးသီးရှိ ပြည်သူများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်စေရန်အတွက်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးရေးကွာဟချက်ကို လျှော့ချရန်အတွက်လည်းကောင်း၊ အာဆီယံ၏အေးအတူပူအမျှ အသိုက်အဝန်းအတူတကွ တည်ဆောက်ရေးကို ထောက်ကူပံ့ပိုးရန်အတွက်လည်းကောင်း၊ ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော်ရန်အတွက်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကို တွန်းအားပေးရန်အတွက်လည်းကောင်း ရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

### မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစပျိုးလုပ်ငန်းစဉ်များ

မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပထမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျင်းဟုန်မြို့၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမွန်ဒိုင်းတို့က ပူးတွဲသဘာပတိများအဖြစ် ဦးဆောင်ကျင်းပခဲ့ပြီး မြန်မာအပါအဝင် မဲခေါင်နိုင်ငံများအားလုံးမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးမှ မဲခေါင်– လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းစဉ်ကို မဏ္ဍိုင် သုံးခုဖြင့် ဖွဲ့သွားရန် သဘောတူညီခဲ့ပါသည်။ အဆိုပါ မဏ္ဍိုင် သုံးခုမှာ–

(၁) နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင် (Political and Security)၊
(၂) စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင် (Economic and Sustainable Development) နှင့်
(၃) လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင် (Social, Cultural and People to People Exchanges)

တို့ဖြစ်သည်။

နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်အောက်တွင် မဲခေါင်နိုင်ငံများ၏ အစိုးရ၊ လွှတ်တော်၊ ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးမှုဆိုင်ရာ အဖွဲ့အစည်းများကြား ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ အကြမ်းဖက်မှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ သဘာဝဘေးအန္တရာယ်အစရှိသည့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများအား ထိရောက်စွာ တုံ့ပြန်နိုင်ရေး၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး စသည့်လုပ်ငန်းများကို အိမ်နီးချင်းကောင်း ပီသစွာဖြင့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး မဏ္ဍိုင်အောက်တွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှု၊ ပေါင်းစည်းဆက်နွယ်မှု၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်မှု၊ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်ရေး၊ ရေအရင်းအမြစ်ဆိုင်ရာ၊ စွမ်းအင်ဆိုင်ရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် ဖြစ်သည်။

လူမှုရေးယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင်တွင် သိပ္ပံနည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးကဏ္ဍ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးကဏ္ဍ၊ မီဒီယာကဏ္ဍစသည်တို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် သတ်မှတ်ထားပါသည်။

### ဦးစားပေးနယ်ပယ် ငါးခု

ဆန်းယကြေညာစာတမ်းအရ မဲခေါင်နိုင်ငံများသည် ကဏ္ဍ ငါးခုတွင် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်သည်။ အဆိုပါကဏ္ဍ ငါးခုမှာ–

(၁) ပေါင်းစည်းဆက်နွယ်မှု (Connectivity)၊
(၂) ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု (Production Capacity)၊
(၃) နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Cross boder economic cooperation)၊
(၄) ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ( Water Resources)နှင့်
(၅) စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Agriculture and Poverty Reduction)

တို့ဖြစ်သည်။

### မြန်မာနိုင်ငံနှင့် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု

မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် စီမံကိန်းအခြေပြု အကောင်အထည်ဖော်ဆောင်ရွက်သည့်ပုံစံဖြစ်၍ တရုတ်နိုင်ငံမှ မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (MLC Special Fund) အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖြင့် ထူထောင်ထားရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှ ယခုအချိန်အထိ အထူးရန်ပုံငွေစီမံကိန်း ၉၂ ခု အတွက် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၆ သန်းရရှိခဲ့၍ ဝန်ကြီးဌာနအလိုက် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါစီမံကိန်း ၉၂ ခုတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၈– ၂၀၁၉ ဘဏ္ဍာနှစ်တွင် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၁၈ ဖြင့် မဲခေါင်– လန်ချန်းအဖွဲ့ဝင်နိုင်ငံများအကြား ဆင်းရဲမှု လျှော့ချရေးဆိုင်ရာ အတွေ့အကြုံမျှဝေဖလှယ်ခြင်း ခေါင်းစဉ်ဖြင့် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ယင်းစီမံကိန်းမှ မဲခေါင်– လန်ချန်းဒေသတွင်းနိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အတွေ့အကြုံ၊ ဗဟုသုတများ ရရှိခဲ့ပါသည်။ ၎င်းအပြင် ကိုဗစ်– ၁၉ ရောဂါကူးစက်မှုအခြေအနေများကြောင့် မူလစီမံကိန်း ဒီဇိုင်းပြောင်းလဲရေးဆွဲခဲ့ပြီး ကိုဗစ်–၁၉ ရောဂါကြောင့် စီးပွားရေးကျဆင်းမှု ပြန်လည်ကုစားမှု အစီအစဉ်အရ ဆောင်ရွက်သော Cash for Work စီမံကိန်းနှင့် Village Revolving Fund Project စီမံကိန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၂ ဖြင့် စီမံကိန်း ၂၂ ခု ခွင့်ပြုခဲ့ရာ ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အောက်ပါစီမံကိန်း လေးခုကို ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၃ သန်းဖြင့် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်၍ စီမံကိန်းကာလ နှစ်နှစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာတွင် မဲခေါင်– လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်းကို ထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၃၀၆၀၀ ဖြင့် လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၊ ဒေးဒရဲမြို့နယ်နှင့် မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတို့တွင် ပြည်သူအခြေပြု ရေသန့်စင်စနစ် ပါဝင်သော ကျေးရွာရေရရှိရေး စီမံကိန်းကို ထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၇၉၁၀၀ ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကံမော်ကြီးကျေးရွာတွင် အသေးစားဆိုလာမီးလင်းရေးနှင့် ရေရရှိရေးစီမံကိန်းကို ထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၄၄၆၀၀ နှင့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ရေင်ကြီးကျေးရွာတွင် အသေးစား ဆိုလာမီးလင်းရေးနှင့် ရေရရှိရေးစီမံကိန်းကို ထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၇၇၈၀၀ ဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အဆိုပါစီမံကိန်း လေးခုအနက် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာတွင် ကျေးရွာကုန်ထုတ်လုပ်မှု အခြေခံအဆောက်အအုံ၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အတွေ့အကြုံမျှဝေခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

“မဲခေါင်– လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်း စီမံကိန်း”သည် ယခင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစင်တာ(IPRCC)ပူးပေါင်းဆောင်ရွက်ခဲ့သော ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်းမှ ရရှိလာသော အကျိုးရလဒ်များကို အခြေခံ၍ စီမံကိန်းပုံစံရေးဆွဲကာ ဆောင်ရွက်သွားမည့် စီမံကိန်းတစ်ခုဖြစ်ပါသည်။

### ရရှိလာမည့် အကျိုးကျေးဇူးများ

စီမံကိန်းကို ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝမြင့်မားလာစေရန်၊ ကျေးရွာအဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ကျေးရွာသူ ကျေးရွာသားများ၏ စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရန်၊ မဲခေါင်– လန်ချန်းနိုင်ငံများအကြား ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွေ့အကြုံနှင့် ဗဟုသုတများ မျှဝေဖလှယ်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပါ ရည်ရွယ်ချက်များဖြင့် စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေပြီး မိသားစုဝင်ငွေ တိုးပွားလာစေခြင်း၊ ကျေးရွာ၏ ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်းနှင့် ဈေးကွက်ချိတ်ဆက် *စာမျက်နှာ ၂၁ သို့*

## ညောင်ဦးမြို့နယ်၌ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရန် စက်ရေတွင်းများ ပြန်လည်ပြုပြင်ပေး

ညောင်ဦး ဇန်နဝါရီ ၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဇီးစားမြင်ကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားနေရသည့် စက်ရေတွင်းမှာ ချွတ်ယွင်းပျက်စီးသွားပြီး သောက်သုံးရေ အခက်ကြုံတွေ့နေရသဖြင့် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်း တိုက်ဆရာတော် အရှင်သာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူ အဖွဲ့က ဇန်နဝါရီ ၈ ရက်တွင် ပြန်လည်ပြုပြင် ပေးခဲ့သည်။



ညောင်ဦးမြို့နယ် ဇီးစားမြင်ကျေးရွာတွင် အိမ်ခြေ ၁၈၅ အိမ်၊ လူဦးရေ ၈၀၀ ကျော် နေထိုင်လျက်ရှိကာ ကျေးရွာနေပြည်သူများ အနေဖြင့် သောက်သုံးရေအတွက် ကျေးရွာရှိ စက်ရေတွင်းကိုသာ မှီခိုအားထားပြုနေရသဖြင့် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်း တိုက်ဆရာတော် အရှင်သာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာ ပရဟိတ ရေလှူ အဖွဲ့က ရန်ကုန်မြို့မှ အလှူရှင် ဦးဟန်စိုးအောင် -ဒေါ်အေးမြတ်မွန် မိသားစု၏ မတည်ငွေကျပ် ၁၅ သိန်းဖြင့် ပြုပြင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ စက်ရေတွင်းမှာ ပြန်လည်ကောင်းမွန် သွားပြီဖြစ်၍ ဒေသခံကျေးလက်နေ ပြည်သူ များအတွက် ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိပြီဖြစ် ကြောင်း သိရသည်။ ယခု ပြုပြင်လှူဒါန်းပေး သည့် စက်ရေတွင်းမှာ ညောင်ဦးမြို့နယ်အတွင်း အကြိမ် ၃၀ မြောက် လှူဒါန်းပေးနိုင်ခဲ့ခြင်းဖြစ် ကြောင်း အဆိုပါ ပရဟိတရေလှူအဖွဲ့မှ နာယကဆရာတော် အရှင်သာဂရ၏ မိန့်ကြား ချက်အရ သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## မိုင်းယောင်း၌ အရိပ်ရပန်းပင် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်

မိုင်းယောင်း ဇန်နဝါရီ ၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ အရိပ်ရပန်းပင်များ ရှင်သန်ဖြစ်ထွန်းစေရေးအတွက် ဖြူစင်မိုင်းယောင်းမြို့နယ် ဒေသဖွံ့ဖြိုး ရေးအထောက်အကူပြုအသင်းမှ ဇန်နဝါရီ ၈ ရက်တွင် ပြုစုထိန်းသိမ်း ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မိုင်းယောင်းမြို့သို့ ရောက်လာသူများ စိတ်ကြည်နူးချမ်းမြေ့စေပြီး သဘာဝအလှတရားများကို ခံစားနိုင်စေရန် မြို့အဝင် ပါလောင်းကျေးရွာ နှင့် ယမ်းခမ်းကျေးရွာအနီး မိုင်းယောင်း- မိုင်းဖြတ်လမ်းမကြီးလမ်းဘေး တစ်လျှောက်တွင် စိုက်ပျိုးထားရှိသော အရိပ်ရပန်းပင်များဖြစ်သည့် ချယ်ရီပင် ၅၀ နှင့် စိန်ပန်းပြာပင် ၂၀၀ ရှင်သန်ဖြစ်ထွန်းစေရေးအတွက် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ရေလောင်းပေါင်းတင်ပေးခြင်းနှင့် အကာအကွယ်ရစေရန် စနစ်တကျကာရံပေးခြင်း စသည့် ပြုစုထိန်းသိမ်း ခြင်းလုပ်ငန်းများကို ဖြူစင်မိုင်းယောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးအထောက် အကူပြုအသင်းမှ အသင်းသူ အသင်းသားများက ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**



## မြို့သစ်မြို့နယ်၌ အားကစားပြိုင်ပွဲများ ကျင်းပ

မြို့သစ် ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်စေ ရန်နှင့် ပူးပေါင်းဆောင်ရွက်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်အတွက် ကျောင်းတွင်းအားကစား ပြိုင်ပွဲများကို အခြေခံပညာကျောင်းများအလိုက် ကျင်းပလျက်ရှိရာ ပုတီးကုန်းကျေးရွာအုပ်စု ပုတီးကုန်း ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ယနေ့နံနက်ပိုင်းက ကျောင်းတွင်းအားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **ဝင်းအိဖွန့်(မြန်/ဆက်)**

---

*စာမျက်နှာ ၂၀ မှ*

ခိုင်မာအားကောင်းလာစေခြင်း၊ ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးလာခြင်းနှင့် လူနေမှု အဆင့်အတန်း မြင့်မားလာစေခြင်း၊ ဦးစီးဌာန ဝန်ထမ်းများနှင့် ကျေးလက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များ မြင့်မားလာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာစေမည် ဖြစ်ပါသည်။

**"အဓိကကျပြီး အရေးကြီးဆုံးအဖွဲ့ဖြစ်သည့် ကျေးရွာအဆင့် စီမံကိန်းအကောင်အထည်ဖော်ရေး အဖွဲ့မှာလည်း ကျေးရွာသူ ကျေးရွာသားများအား စီမံကိန်းတွင် တက်ကြွစွာ ပူးပေါင်းလာစေရေး အတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ စီမံကိန်းလုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးခြင်း၊ ဝေဖန် အကြံပြုခြင်း၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး လိုအပ်သည့် အကူအညီများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်"**

### စီမံကိန်းအကြိုလုပ်ငန်းများ

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ယခုစီမံကိန်းအား အောင်မြင်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်း ကျေးရွာ ရွေးချယ်အတည်ပြုခြင်း၊ စီမံကိန်းကော်မတီ များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်သတ်မှတ်ခြင်း၊ ရွေးချယ်ထားသော စီမံကိန်းကျေးရွာ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများအား ဖြစ်နိုင်ခြေလေ့လာဆန်းစစ်ခြင်း (Feasibility Study) များ ပြုလုပ်ခြင်း၊ Feasibility Study အရ ထွက်ပေါ်လာသော အချက်အလက်များကို အခြေခံ ပြီး ကျေးရွာနှင့်ညှိနှိုင်း၍ ကျေးရွာသူ ကျေးရွာသား များ၏ သဘောတူညီချက်နှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းဒီဇိုင်းရေးဆွဲ ခြင်း၊ စီမံကိန်းလုပ်ငန်းများ လျာထားသတ်မှတ်ခြင်း၊ တိုင်းတာတွက်ချက်ခြင်း၊ လုပ်ငန်းအလိုက် ရန်ပုံငွေ လျာထား သတ်မှတ်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ စီမံ ခန့်ခွဲခြင်းလုပ်ငန်းများကို အဆင့်အလိုက် စနစ်တကျ ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့ပါသည်။

### ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်သတ်မှတ်ခြင်း

စီမံကိန်းလုပ်ငန်းများအား စီမံကိန်း Work Plan နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုစနစ်သည် အလွန်အရေးကြီးလှပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေ ဖြင့် ယခုစီမံကိန်းကို စနစ်တကျ အကောင်အထည် ဖော် ဆောင်ရွက်နိုင်ရန် စီမံကိန်းကော်မတီများအား အဆင့်ဆင့်ဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)တွင် စီမံကိန်းဦးဆောင်ကော်မတီ ဖွဲ့စည်းထားရှိပြီး ယင်းအဖွဲ့အောက်တွင် စီမံကိန်းစီမံ ခန့်ခွဲမှုအဖွဲ့အား ဖွဲ့စည်းထားရှိပါသည်။ စီမံကိန်း ဦးဆောင်ကော်မတီအနေဖြင့် စီမံကိန်း၏မူဝါဒပိုင်း ဆိုင်ရာများကို ပေါင်းစပ်ညှိနှိုင်း လမ်းညွှန်မှုပြုခြင်း၊ စီမံကိန်း စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ဦးဆောင် ကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ စီမံကိန်း အစီအစဉ်များရေးဆွဲချမှတ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ဘဏ္ဍာငွေစီမံခန့်ခွဲခြင်းနှင့် စီမံကိန်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

၎င်းအပြင် မြို့နယ်အဆင့်တွင် စီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး စီမံကိန်းအစီအစဉ်အရ ဆောင်ရွက်ရမည့် လုပ်ငန်း များအား အကောင်အထည်ဖော်ခြင်း၊ ဝယ်ယူရေး ဆိုင်ရာကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအား လစဉ်တင်ပြအစီရင်ခံခြင်း၊ ကျေးရွာနှင့်ဆက်စပ်ဌာန ဆိုင်ရာများ၊ အဖွဲ့အစည်းများအကြား ပေါင်းစပ် ညှိနှိုင်းပေးခြင်း၊ နည်းပညာအကူအညီများ ရယူ ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာ တွင် အဓိကကျပြီး အရေးကြီးဆုံးအဖွဲ့ဖြစ်သည့် ကျေးရွာအဆင့် စီမံကိန်းအကောင်အထည်ဖော်ရေး အဖွဲ့မှာလည်း ကျေးရွာသူ ကျေးရွာသားများအား စီမံကိန်းတွင် တက်ကြွစွာ ပူးပေါင်းလာစေရေး အတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ စီမံကိန်းလုပ်ငန်းများ ကို စောင့်ကြည့်စစ်ဆေးခြင်း၊ ဝေဖန်အကြံပြုခြင်း၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး လိုအပ်သည့် အကူအညီ များ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ

စီမံကိန်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေးနှင့် လူမှုအဆင့်အတန်းမြင့်မားလာ စေရေးအတွက် စီမံကိန်း၏ အဓိကလုပ်ငန်းများ ဖြစ်သည့် အခြေခံအဆောက်အအုံနှင့် ပြည်သူ့ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ၊ အသက်မွေးဝမ်း ကျောင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စောင့်ကြည့် လေ့လာအကဲဖြတ်ခြင်း လုပ်ငန်းများ၊ အတွေ့အကြုံ မျှဝေလှယ်ခြင်းဆိုင်ရာ လုပ်ငန်းများ၊ ကျေးရွာ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့် အသင်းအဖွဲ့များ ခိုင်မာအားကောင်း စေရေးလုပ်ငန်း များကို ဘက်စုံထောင့်စုံမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ထို့ပြင် စီမံကိန်းအစီအစဉ်အရ အကောင် အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအား ကျေးရွာ၏ တည်နေရာနှင့် မြေပြင်အခြေအနေအရ ကိုက်ညီသောလုပ်ငန်းများနှင့် ကျေးရွာ၏အခြေခံ ရှိပြီးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်သည့် အခါ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာ၏ အခြေခံရှိပြီးသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအား ဆောင်ရွက်ပေးခြင်း၊ ယင်းလုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် ကုန်ထုတ်လုပ်မှုအခြေခံ အဆောက်အဦနှင့် လူမှုအခြေခံအဆောက်အဦ များတည်ဆောက်ပေးခြင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်း ပေး၍ အစုအဖွဲ့ဖြင့် စုပေါင်းဆောင်ရွက်တတ်စေရန် ဆောင်ရွက်ပေးခြင်း၊ စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သောသွင်းအားစုများ ပံ့ပိုးပေးခြင်း၊ နည်းပညာနှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန် သင်တန်းပို့ချခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်းများဖြစ်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲ ခြင်းနှင့် အိမ်တွင်းလေထုညစ်ညမ်းမှု လျှော့ချရေး လုပ်ငန်းများအတွက် လိုအပ်သော နည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်း၊ ကျေးရွာ၏ထုတ်ကုန်များအား ဈေးကွက်ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများ အတွက် အတွေ့အကြုံ မျှဝေလှယ်ခြင်းနှင့် လေ့လာရေး ခရီးစဉ်များသွားရောက်ခြင်း လုပ်ငန်း များကို စနစ်တကျ အကောင်အထည်ဖော်ဆောင် ရွက်ပေးသွားမည်ဖြစ်ပါသည်။

### ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးဆီသို့

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ် ကျေးရွာ၌ ဆောင်ရွက်မည့် မဲခေါင်-လန်ချန်း နိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချ ရေးဆိုင်ရာ စံပြကျေးရွာထူထောင်ရေး စီမံကိန်း အပါအဝင် ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ၌ ဆောင်ရွက် ပေးမည့် ပြည်သူ့အခြေပြု ရေသန့်စနစ်ပါဝင်သော ကျေးရွာရေရရှိရေး၊ အသေးစားဆိုလာမီးလင်းရေး လုပ်ငန်းမှရရှိလာသော အတွေ့အကြုံကောင်းများ ကို မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် အသုံးပြု၍ စဉ်ဆက်မပြတ်ကျေးလက်ဖွံ့ဖြိုးရေးကို ဦးတည် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။ ။

## ဆီဆိုင်မြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ဆီဆိုင် ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး၊ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများလျှော့ချနိုင်ရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှု မရှိစေရေးဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက စတင်ကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများကိုခုတ်ထွင်ရှင်းလင်းခြင်းနှင့် မီတာစစ်ဆေးခြင်းလုပ်ငန်းများကိုကွင်းဆင်းဆောင်ရွက်သည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကိုကိုဦးနှင့်ဝန်ထမ်းများက လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးအတွက် ၁၁ ကေဗွီ မြို့တွင်းဖီဒါအတွင်းရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ကိုင်း၊ သစ်ခက်များ ခုတ်တွင်ရှင်းလင်းခြင်းနှင့် တရားမဝင်ဓာတ်အားလိုင်းသုံးစွဲမှု မရှိစေရေးအတွက် ရပ်ကွက်နှင့်ကျေးရွာများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော မီတာများ ရပ်/ ပျက်/နှေး ဖြစ်ပေါ်မှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်းနှင့် ယင်းသို့ ဆောင်ရွက်မှုများကို လစဉ်သတ်မှတ်ရက်များအလိုက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



○ *ကျောဖုံးမှ*

ဗီယက်နမ်အသင်းသည် အင်ဒိုနီးရှားကို နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပွဲအစ သုံးမိနစ်မှာပင် ဗီယက်နမ်အသင်း ဂိုးစတင်ရရှိခဲ့ပြီး ငုယင်သီလင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် အင်ဒိုနီးရှားအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ဗီယက်နမ်အသင်းက အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သည်။ ဒုတိယပိုင်းအစတွင် ဗီယက်နမ်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ငုယင်သီလင်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ဆီမီးဖိုင်နယ် ဒုတိယအကျော့ (ဒုတိယနေ့) အဖြစ် ဇန်နဝါရီ ၁၀ ရက် **(ယနေ့)** ည ၇ နာရီတွင် ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ထိုင်းနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင် ၊ ဓာတ်ပုံ – AFF**






အမှတ် (၁)ယာဉ်ထိန်းရဲ၊ ဒုတပ်ဖွဲ့ခွဲ နေပြည်တော်မှ ဌာနစိတ်မှူး ရဲအုပ် ထက်ထက်အောင် နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်အတွင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း ချိုးဖောက်သူများအား တရားရုံးသို့ တရားမစွဲတင်မီ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးခြင်းကို ဇန်နဝါရီ ၉ ရက်က ပညာပေးဆွေးနွေးစဉ်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ အထက ပေါင်းတည် G-10မှ မောင်ဟိန်းရာဇာ၏ ဖခင် ဦးကိုကိုနိုင်၏ အမည်မှန်မှာ ဦးမောင်မောင်နိုင် ၇/ပတထ(နိုင်) ၁၁၅ဖ၆၁ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်နိုင်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အထက(မြို့လှ) Grade-4 မှ မောင်ရှိန်းမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးချမ်းမင်းဟိန်း ၈/အလန(နိုင်) ၁၆၇၀၄၄ ဖြစ်ပါကြောင်း။

**ဦးချမ်းမင်းဟိန်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/9763, ယာဉ်အမည်ပေါက်သူ Aung Paw Industry Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/7832, Suzuki Ertiga Station Wagon ယာဉ် လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်ရွှေ ၁၃/လရန(နိုင်)၁၇၆၈၅၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

### အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာမြောက်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(စ/ပြည်သာယာမြောက်)၊ မြေကွက်အမှတ် (၁၄၈)၊ မြေရီယာ(၀ဒသမ၀၅၀)ဧကရှိ မြေကွက်သည် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၏ (၂၉-၅-၁၉၉၆)ရက်စွဲပါစာအမှတ် ၅/၄၃-၂၅၉/ဦး၆အရ ဗိုလ်ကြီးစိုးလင်းသန်းအမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဗိုလ်ကြီး စိုးလင်းသန်းမှ (၄-၄-၂၀၀၂)ရက်စွဲပါ အိမ်ဝိုင်းမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်အေးမှုံအား တန်ဖိုးငွေ(၁)သိန်း (၅)သောင်း တိတိဖြင့် ရောင်းချခဲ့သည်မှာ မှန်ကန်ကြောင်း၊ ဒေါ်အေးမှုံမှ (၈-၅-၂၀၁၄)ရက်စွဲဖြင့် နှစ်ဦးသဘောတူဝိုင်းမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်သက်တည်ဦးအား တန်ဖိုးငွေ(၁၀၀)သိန်းတိတိဖြင့် ရောင်းချခဲ့သည်မှာ မှန်ကန်ကြောင်း၊ ဒေါ်သက်တည်ဦးမှလည်း (၂၄-၁၂-၂၀၂၂)ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးတင်ဇော်လင်း ၁၀/ရမန(နိုင်)၂၀၁၄၃၃အား တန်ဖိုးငွေ(၁၃၀)သိန်းတိတိဖြင့် ရောင်းချခဲ့သည်မှာ မှန်ကန်ကြောင်း ကျမ်းသစ္စာကျိန်ဆို၍ မိတ္ထီလာမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၁၃၇/၂၀၂၂ဖြင့် မှတ်ပုံတင်ပြီးနောက် မြေငှားဂရန်အသစ် ခွင့်ပြုချထားပေးနိုင်ပါရန် ဦးတင်ဇော်လင်းမှလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/92234, ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၇/ဝမန(နိုင်) ၀၉၈၉၄၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/4093, ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူဟိန်း ၇/သနပ(နိုင်)၁၅၁၉၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

### ဖခင်အမည်မှန်

ဘုတ်ပြင်းမြို့၊ အထက(ခွဲ)တောင်ငယ်ကျောင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade- 10 မှ မပန်းဖြူနှင့် ဒသမတန်း(သင်ရိုးဟောင်း)မှ စောဝိုင်းချစ်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၆/ဘပန(နိုင်)၀၃၂၇၉၀ ဖြစ်ပါကြောင်း။ **ဦးကျော်စိုး**

## ရမည်းသင်းမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်ရေး တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းကောက်ယူ

**ရမည်းသင်း ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေး အတွက် အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူခြင်းကို ဇန်နဝါရီ ၉ ရက်က စတင်ကောက်ယူလျက်ရှိသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်အတွင်း၌ အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့က တစ်ဖွဲ့လျှင် အဖွဲ့ဝင် ငါးဦးပါဝင်သည့် အဖွဲ့ပေါင်း ၁၄၇ ဖွဲ့ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူလျက်ရှိပြီး ယင်းသို့ အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူရာတွင် မြို့နယ်အတွင်း၌ ရပ်ကွက်ကြီး ငါးခု၊ ကျေးရွာအုပ်စု ၆၃ စုရှိပြီး ရပ်ကွက်၊ ကျေးရွာပေါင်း ၂၄၇ ဦးကို လူဦးရေစာရင်း မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့ တစ်ဖွဲ့ကောက်ကွက်တစ်ကွက်လျှင် တစ်ရက် အိမ်ထောင်စု ၂၅ စုနှုန်းဖြင့် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူခြင်းကို ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အုပ်စုခွဲ၍ ကြည့်ရှုအားပေးကြောင်း သိရသည်။(ဝဲပုံ)

**ခရိုင်(ပြန်/ဆက်)**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါ တို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မှော်ဘီဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၁)မှ ကျောင်းဆင်းအရာရှိ ဖြစ်သူ **ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)**(စာရေးဆရာကဗျာဆရာ မြင်းမူမောင်နိုင်မိုး)(မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့၏ ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု(၇)ဆုရှင်)သည် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ရရှိခဲ့သည့်အပြင်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့် ကြော်ငြာစာအမှတ် ၂၂၀/၂၀၂၂ ဖြင့် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ချီးမြှင့်သည့် **အလင်္ကာကျော်စွာဘွဲ့**ကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၁)မှ ကျောင်းဆင်းဘက်**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ဖခင်အမည်မှန်

တောင်သာမြို့၊ မကြီးချို အထက(ခွဲ) G-10 တွင် ပညာသင်ကြားနေသော မောင်ဇော်လင်းထက်၏ဖခင်အမည်မှန်မှာ ဦးမျိုးချစ်စန်း ၉/တသန(နိုင်) ၁၃၈၀၄၅ ဖြစ်ပါကြောင်း။

**ဦးမျိုးချစ်စန်း**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ လက်ပံပျားကျေးရွာ အထက အဌမတန်း(Grade-9)မှ မသီသီခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝင်းကြိုင် ၉/ကပတ(နိုင်) ၂၀၂၈၁၆ ဖြစ်ပါကြောင်း။

**ဦးစိန်ဝင်းကြိုင်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်၊ RA-V/ကွက်ပြင်၊ ဦးပိုင်အမှတ်(၁၉/၁၆)၊ မြေရိယာ(၀ဒသမ၀၈၃)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်နှင်းလွင် ၉/မမန(နိုင်) ၀၁၅၃၈၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် ၁၀/ပဒေသာ၊ ဦးပိုင်အမှတ် ၁၇၇၊ မြေရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးရန်နောင်မိုးဆွေ ၉/ပဥလ(နိုင်)၀၃၄၆၈၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/68727 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက် ၇/တငန(နိုင်) ၀၀၂၂၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/49670 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက် ၇/တငန(နိုင်)၀၀၂၂၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2R/2681, Isuzu Elf QL11079 Lary Bowser (fuel) ယာဉ်လက်ဝယ်ရှိသူ ဦးလောက်စီး ၁၃/ဟပတ(နိုင်) ၀၀၀၆၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၁၉၉၆၂, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၆/ထဝန(နိုင်)၀၀၈၃၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## အမည်ပြောင်း

ဦးစိုးမိုးအောင်၏ သမီးများဖြစ်သော မြိတ်မြို့မြင်းမိုရ် ပုဂ္ဂလိကပညာသင်ကျောင်း တတိယတန်းမှ မရွှေမှုံခြယ် အား မရွှေမှုံသွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ပထမတန်းမှ မရွှေရောင်လင်း၏ အမည်မှန်မှာ မဆုပန်ပြည့်ဖြစ်ပြီး မဆုပန်ပြည့်အား ယနေ့မှစ၍ မရွှေရောင်ခြယ် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရွှေမှုံသွန်း၊ မရွှေရောင်ခြယ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

